mgyoe.com

SAMPLE BOOK

# သို့…
# အယ်ဒီနှင့် သံလုံး
# မှ…
# ဘုရားသခင်

ဝတ္ထုတိုစုစည်းမှု

မြှုံးခက်ပိုင်
(ရွှေတောင်)



mgyoe.com

ZLL012
3500

mgyoe.com
SAMPLE BOOK



**သို့... အယ်ဒီနှင့် သံလုံး**

**မှ... ဘုရားသခင်**

ဝတ္ထုတိုစုစည်းမှု

(ရွှေတောင်)

4 472682 674002

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ

ထုတ်ဝေသူ - တောင်ဇလပ်နီ စာပေတိုက် (၀၂၇၇၄)
ဦးမင်းထက်ဟန်၊ အမှတ် ၃၉/၆၀၁၊ ပ-ထပ်၊
ရန်ပြေ ၁၂-လမ်း၊ ၃-ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)
အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပန်းချီ - မြတ်မွန်

မျက်နှာဖုံး CTP - Eagle

အတွင်းအပြင်အဆင် - ပုံရိပ်ရှင်၊ ဇလပ်နီ

စာစစ် - ဇလပ်နီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၅၀၀ ကျပ်

၈၉၅.၈၄
မှူးဆက်ပိုင် (ရွှေတောင်)
သို့... အယ်ဒီနှင့် သံလုံး၊ မှ... ဘုရားသခင်
- ရန်ကုန်၊ တောင်ဇလပ်နီစာပေတိုက်၊ ၂၀၂၀။
စာ - ၂၀၅ ၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) သို့... အယ်ဒီနှင့် သံလုံး၊ မှ... ဘုရားသခင်




mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ✱ | မှူးဆက်ပိုင်(ရွှေတောင်)အတွက် မှတ်မှတ်ရရစကား<br>**မင်းဝေဟင်** | ၇ |
| ✱ | ဆရာမှူးအတွက် အမှတ်တရစာ<br>***ရဲရင့်လုံ(ဆေး-မန်)*** | ၁၃ |
| ၁။ | နားဟောင်းလောင်း နားပေါက်ကလေးများ | ၁၇ |
| ၂။ | သို့…အယ်ဒီနှင့် သံလုံး၊ မှ…ဘုရားသခင် | ၂၉ |
| ၃။ | သံတူကြောင်းကွဲ ပြဇာတ် | ၃၇ |
| ၄။ | ကောက်ရ | ၄၇ |
| ၅။ | ရွှေကြေးစည် ဘယ်ပုံ သံချိန္တောပါလိမ့် | ၆၁ |
| ၆။ | ဘေးတိုက်အရွှေ့ ဗျူဟာ | ၇၁ |
| ၇။ | ကျောကပ်မှားသည့် မိတ္တူ | ၈၃ |
| ၈။ | သစ်တစ်ပင်၏ ရေသောက်မြစ်များ | ၉၇ |
| ၉။ | ဝိရောဓိဆုံမှတ် | ၁၀၇ |
| ၁၀။ | နဂါးတစ်ကောင်နှင့် ထိုနေ့ | ၁၁၇ |
| ၁၁။ | ပိုးဖလံမျိုးပေမို့ | ၁၂၇ |
| ၁၂။ | နောက်ဆုံးလက်နက် | ၁၃၇ |
| ၁၃။ | တို့အမျိုးဇာနည် ပိပါပေသည် | ၁၄၉ |
| ၁၄။ | စိတ္တဇနောမ် | ၁၆၃ |
| ၁၅။ | ကိုဘသာနှင့် ရောင်စုံမီးခိုးစများ | ၁၇၇ |
| ၁၆။ | တစ်ကိုယ်ရေ ဘယာနက ပုစ္ဆာများ | ၁၉၁ |




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

m.gyoe.com SAMPLE BOOK

## မှူးဆက်ပိုင်(ရွှေတောင်)အတွက် မှတ်မှတ်ရရစကား

‘အမှာစာဟူသည် ဝေဖန်ရေးစာ မဟုတ်။ သို့သော် စာအုပ်တို့တွင် အမှာစာပါမှ ခန့်ထည်မည်’ ဆိုတဲ့ စကားကို ကျွန်တော် ကြားဖူးပါတယ်။ ဒီစကားကို လက်လည်း ခံပါတယ်။ စာအုပ်တစ်အုပ်မှာ ကိုယ်ထုတ်မယ့် စာအုပ် အမျိုးအစားနဲ့ ပတ်သက်ပြီး ရှေ့မှာ ကိုယ်ထက် အရင်ဖြစ်တည်ခဲ့သူရဲ့ အမှာစာမျိုးပါရင် အဲဒီ စာအုပ်က အနည်းနဲ့ အများတော့ ခန့်ထည်သွားမှာ အသေအချာပါပဲ။

စာအုပ်အမျိုးအစားပေါင်း များစွာရှိကြတဲ့ အထဲက အမှာစာပါသင့်တဲ့ စာအုပ်အမျိုးအစားက ဝတ္ထုတို၊ ဝတ္ထုရှည် စာအုပ်တွေလို့လည်း ကျွန်တော် မြင်ပါ တယ်။ စာအုပ်တွေမှာ အမှာစာ ပါခြင်း၊ မပါခြင်းနဲ့ ပတ်သက်ပြီးလည်း ရန်ကုန်မှာ မကြာခဏ တွေ့ဆုံလေ့ရှိကြတဲ့ ကျွန်တော့်ရေးဖော်တွေနဲ့တွေ့ရင် ငြင်းကြ၊ ခုန်ကြရစမြဲပါ။ စာအုပ်မှာ အမှာစာ ပါသင့်တယ်လို့ ကျွန်တော်ကိုယ်တိုင် လက်ခံ မိပေမယ့် ကျွန်တော့်ရဲ့ တစ်သီးပုဂ္ဂလ အမြင်ကျတော့ ကိုယ့်ထက် ဝါရင့်၊ သမ္မာရင့် ဆရာ၊ ဆရာမကြီး တစ်ယောက်ယောက်ကို အမှာစာ ရေးပေးဖို့ တောင်းဆို ရမှာမျိုးကို အင်မတန် အားနာဝန်လေးပါတယ်။

ဇလပ်နီစာပေ

m.gyoe.com

ကျွန်တော်တို့ ဆုံကြရင် အမှာစာနဲ့ ပတ်သက်လို့ ငြင်းကြတဲ့အထဲ မကြာခင် လုံးချင်းစာအုပ်ထွက်မယ့် ယုယကတော့ ကိုယ်ရေးတဲ့စာကို ကိုယ့်လောက် ဘယ်သူမှ ထဲထဲဝင်ဝင် မသိနိုင်တဲ့အတွက် အမှာစာဆိုတာ ကိုယ်တိုင်ရေးရင် အကောင်းဆုံးလို့ ဆိုပါတယ်။ မြစ်ကျိုးအင်းတို့ မခင်သန္တာတို့ကျတော့ လုံးချင်းမှာ အမှာစာ မပါရင် ကြည့်ကောင်းပေမယ့် ဝတ္ထုတိုပေါင်းချုပ်မှာတော့ အမှာစာ ပါကို ပါသင့်တယ်လို့ ဆိုကြပါတယ်။ စံပယ်ဖြူနုကျတော့ တစ်မျိုးပါ။ စာရေးဆရာ တစ်ယောက်ရဲ့ ပထမဆုံးထုတ်မယ့် အမှာစာမှာတော့ အမှာစာက မရှိမဖြစ် ပါသင့်တယ်လို့ ဆိုပါတယ်။

ဟိုတလောလေးကတော့ ရယ်စရာလေးတစ်ခု ကြုံပါတယ်။ လုံးချင်းနဲ့ အမျိုးသားစာပေဆု ရရှိထားတဲ့ လူခါးက သူ့ရဲ့ ဒုတိယလုံးချင်းအတွက် ကျွန်တော့်ဆီက အမှာစာ တောင်းပါတယ်။ လုံးချင်းကို ဘယ်က စရေးရမှန်း မသိလို့ လုံးချင်းတောင် မရေးနိုင်သေးတဲ့ ကျွန်တော့်ဆီကနေ အမျိုးသားစာပေဆုရက အမှာစာ တောင်းနေတော့ ရယ်စရာ မကောင်းပေဘူးလား။

ဒါတွေကတော့ အမှာစာနဲ့ ပတ်သက်ပြီး ကျွန်တော့်အမြင်၊ ကျွန်တော့်ရေးဖော်တွေရဲ့ အမြင်ကို တီးခေါက်ပြတာပါ။ ၂၀၁၉ ထဲမှာ ဝတ္ထုတိုပေါင်းချုပ်ထွက်တဲ့ ဇေဦးယျာက သူ့အတွက် အမှာစာ ရေးပေးဖို့ တောင်းဆိုတော့ 'ဇေဦးယျာအတွက် ချစ်ခြင်းစကား' ဆိုပြီး အမှတ်တရစာမျိုး ရေးဖြစ်ခဲ့ပါတယ်။ အခုတစ်ခါ မှူးဆက်ပိုင်(ရွှေတောင်)က အမှာစာ ရေးပေးပါဦးလို့ ဆိုလာပြန်ပါတယ်။ 'အမှာစာ ဆိုတာကြီးကတော့ ငါ့အနေနဲ့ မရေးပေးချင်သလို ငါ့အတွက် ဝန်လေးတယ်ကွာ။ အမှတ်တရစာ ပုံစံမျိုး ရေးပေးမယ်။ ကြားလား' လို့ ကျွန်တော်က ပြန်ပြောရင်း ဒီစာစုကို ချရေးဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော်နဲ့ မှူးဆက်ပိုင်(ရွှေတောင်)က စာရေးသက် အတူတူပါပဲ။ ရွှေအမြုတေမဂ္ဂဇင်းမှာ ကျွန်တော်တို့အတူ စာမျက်နှာထက်ကို တက်ခဲ့ကြတာ ၂၀၀၅ မှာပါ။ အဲဒီအချိန်မှာ ရွှေအမြုတေမဂ္ဂဇင်းရဲ့ ရွှေအသစ်ကဏ္ဍဆိုတာ တော်တော်လေး အရှိန်ကောင်းနေပါပြီ။ အဲဒီအချိန်က ရွှေအသစ်တွေက စာမူပို့ပြီးရင် အရွေးခံရသလား၊ အပယ်ခံရသလား ဆိုတာကို သိခွင့်ရပါတယ်။

မှတ်မှတ်ရရ ကျွန်တော်က ၂၀၀၅ ဇွန်လမှာ ရွှေအသစ်ဖြစ်ပြီး



mgyoe.com

mgyoe.com SAMPLE BOOK

မှူးဆက်ပိုင်(ရွှေတောင်)က ၂၀၀၅ ဩဂုတ်မှာ ရွှေအသစ် ဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ ရွှေအသစ်ဝတ္ထုလေးက ဒီနေ့အထိ ကျွန်တော်အပါအဝင် စာဖတ်သူ တော်တော်များများရဲ့ အာရုံမှာ စွဲနေခဲ့တဲ့ 'နားပေါင်းလောင်း နားပေါက်ကလေးများ' ဆိုတဲ့ ဝတ္ထုလေးပါပဲ။ အဲဒီဝတ္ထုလေးမှာ အောက်ခြေလူတန်းစား ၁၂ ပွဲ စျေးသည်လေးတွေရဲ့ ဘဝပါတယ်။ အချစ်ပါတယ်။ မေတ္တာတရားပါတယ်။ အဲဒီဝတ္ထုလေးကို စွဲစွဲမြဲမြဲ မှတ်မိနေစေတဲ့ အချက်က စာဖတ်သူ မထင်မှတ်ထားတဲ့ ရှုထောင့်ကနေ လှည့်ချလိုက်တဲ့ မေတ္တာတရား လှည့်ကွက်လေးပါပဲ။ သိပ်လှပါတယ်။ ရင်ထဲကို နင့်ကနဲ ဖြစ်သွားအောင် လှည့်ချလိုက်တဲ့ လှည့်ကွက်ကလေးဟာ စာဖတ်သူကို သူ့ဝတ္ထုနဲ့ ပတ်သက်ပြီး အမြဲတမ်း အမှတ်ရနေစေမယ့် မှူးဆက်ပိုင်(ရွှေတောင်)လို့ဆိုလိုက်တာနဲ့ ဒီဝတ္ထုကို တန်းပြီး မှတ်မိနေပါတယ်။

ကျွန်တော်တို့ နှစ်ယောက်နဲ့အတူတူ ရွှေအမြုတေ စာမျက်နှာ ထက်မှာ ၂၀၀၅ တုန်းက အတူတူ ဖြတ်သန်းခဲ့ကြတဲ့ ရေးဖော်တွေက ငွေဇင်ယော်ဦး(မိုးကုတ်)၊ ချမ်းထက်ဟန်၊ အဖြူရောင်(ရွှေ)၊ မိုးကျော်ဇင် တို့ ရှိကြပါတယ်။ ဒီအထဲမှာ မှူးဆက်ပိုင်(ရွှေတောင်) ကတော့ စာအရေးကျဲသူလို့ ဆိုရပါမယ်။ သူဟာ ဘယ်လောက်အထိ စာရေးတာ ကျဲသွားသလဲဆိုရင် ၂၀၀၅ မှာ ပါခဲ့တဲ့ ရွှေအသစ်ပြီးတော့၊ ရွှေအမြုတေ နောက်ကစ်ပုဒ်အနေနဲ့ ပါလာတဲ့ သူ့ဝတ္ထု 'သို့-အယ်ဒီနှင့် သံလုံး၊ မှ- ဘုရားသခင်' ဆိုတဲ့သူ့ရဲ့ ရွှေအသစ်က ၂၀၁၀ မေလမှပဲ ပါလာပါတော့တယ်။ တစ်ပုဒ်နဲ့ တစ်ပုဒ် ၅ နှစ်နီးပါး ကြာသွားခဲ့ပါတယ်။

အဲဒီနောက်ပိုင်းတော့ စာမျက်နှာထက်မှာ သူ့စာတွေ တစ်ခါတစ်ရံ ခပ်စိပ်စိပ်၊ တစ်ခါတစ်ရံ ခပ်ကျဲကျဲ တွေ့လာ၊ ဖတ်လာရပါတယ်။ သူက စာအရေးကျဲပေမယ့် တစ်ပုဒ်ဆို ဆိုသလောက် ငြိအောင်၊ ထိအောင် ရေးနိုင်သူ ဆိုတာကိုတော့ ကျွန်တော် မပြောလည်း သူ့ဝတ္ထုတိုတွေက သက်သေပြပါလိမ့်မယ်။ သူ့ဝတ္ထု၊ သူ့ဇာတ်ကောင်တွေ ဆီကနေ စာဖတ်သူဆီ အတွေးတစ်စုံတစ်ရာ ရောက်အောင် ပို့လွှတ်ထားတဲ့ သူ့ရဲ့ ဝတ္ထုတိုရေးဟန်ကိုလည်း စာဖတ်သူတွေ သိရှိခံစားမိပါလိမ့်မယ်။

'ဒို့အမျိုးဇာနည် ပီပါပေသည်' ဆိုတဲ့ သူ့ရဲ့ ဝတ္ထုလေးကတော့ ထိချက်ပြင်းပါတယ်။ သူ ရေးသမျှ ဝတ္ထုတွေထဲ ကျွန်တော့် အကြိုက်ဆုံး စာရင်း


mgyoe.com

mgyoe.com

ထဲမှာ ဒီဝတ္ထုလေး ပါပါတယ်။ လူမမယ် ကလေးဇာတ်ကောင်လေးတွေနဲ့ ဝတ္ထုတိုကို အသက်သွင်းတဲ့အခါ သတိကြီးကြီး ထားရပါတယ်။ ကလေးအတွေး၊ ကလေးအပြော၊ ကလေးရဲ့ လုပ်ဆောင်ချက်တွေ ပီပြင်ဖို့ စာရေးသူကိုယ်တိုင် ကလေးတစ်ယောက်လို ဖြစ်နေတဲ့အထိ Mood ကို သွင်းနိုင်ပါမှ ဇာတ်လမ်း၊ ဇာတ်ကွက် ကြွတက်လာပါမယ်။ အဲဒီကလေးဇာတ်ကောင်ရဲ့ အတွေးမျိုးကို စာရေးဆရာ ပေးချင်တဲ့ Message နင့်နင့်လေးတွေနဲ့ ခြယ်သနိုင်မှ ကလေးဇာတ်ကောင်နဲ့ ဖွဲ့သီတဲ့ ဝတ္ထုတိုက ပီပြင်မှာပါ။ အဲဒီလို ပီပြင်မှုမျိုး၊ နင့်နင့်သီးသီး ရတဲ့ Message မျိုးကို 'ဒို့မျိုးဇာနည် ပီပါပေသည်' မှာ တွေ့ရပါတယ်။

ကျန်တဲ့ ဝတ္ထုတွေထဲက 'ဝိရောဓိ ဆုံမှတ်'၊ 'ကျောကပ်မှားသည့် မိတ္ထူ'၊ 'ရွှေကြေးစည် ဘယ်ပုံ သံချိုနှောပါလိမ့်'၊ 'တစ်ကိုယ်ရေ ဘယာနက ပုစ္ဆာများ' စတဲ့ ဝတ္ထုတွေမှာတော့ ဇာတ်အိမ်ခိုင်ခိုင်မာမာနဲ့ ပြောချင်တဲ့ အကြောင်းအရာတွေ တိတိကျကျ ရှိနေတာကို တွေ့ရပါလိမ့်မယ်။ ဇာတ်ကောင်စရိုက်တွေကို မပြောဘဲ 'ပြ'သွားတဲ့ မှူးဆက်ပိုင်(ရွှေတောင်) ရဲ့ ဝတ္ထုတို အတတ်ပညာကိုလည်း သူ့ဝတ္ထုတွေ တစ်သီတစ်တန်းကြီး ပြန်ဖတ်ရင်း သတိထားမိပါတယ်။

သူ ရေးပြီး ကျွန်တော်ကြိုက်တဲ့ ဝတ္ထုတိုတွေထဲမှာ 'ရေခြား မြေခြား' နဲ့ 'မြင်းမိုရ်သီတဲ့ ကြိုး' တို့လည်း ပါဝင်ပါတယ်။ အဲဒီနှစ်ပုဒ်က သူ့ရဲ့ ဒီစုစည်းမှုမှာ မပါပါဘူး။ ဘာကြောင့် မပါတာလဲလို့ ကျွန်တော် မေးကြည့်တော့ အဲဒီဝတ္ထုတွေက အခြားစာရေးဆရာတွေနဲ့ စုစည်းထုတ်မယ့် စာအုပ်မှာလည်း ပါမှာမို့ စာဖတ်ပရိသတ်တွေ နှစ်ခါဝယ်နေရမှာစိုးလို့ မပါတာလို့ သူက ဖြေပါတယ်။ စာဖတ်ပရိသတ်ကို အလေးထားတဲ့ မှူးဆက်ပိုင်(ရွှေတောင်) ရဲ့ စိတ်ဓာတ်လေးကို လေးစားမိပါတယ်။

အခုတော့ စာရေးကျဲပေမယ့် ဝတ္ထုတိုတွေကို သေသေသပ်သပ် စနစ်တကျ ရေးတတ်လေ့ရှိတဲ့ မှူးဆက်ပိုင်(ရွှေတောင်) ရဲ့ ဝတ္ထုတိုစုစည်းမှု ထွက်လာနိုင်ခဲ့ပါပြီ။ 'ဝမ်းသာဂုဏ်ယူမိတယ်' ဆိုတဲ့ စကားကိုပဲ ကျွန်တော် ရိုးရိုးရှင်းရှင်း ဆိုချင်ပါတယ်။ ဒီစာအုပ် ထွက်နိုင်ခဲ့တဲ့အတွက် မှူးဆက်ပိုင်(ရွှေတောင်) ပျော်နေလိမ့်မယ် လို့လည်း ရေးဖော်တစ်ယောက်အနေနဲ့ သူ့ရင်


mgyoe.com

mgyoe.com SAMPLE BOOK

ဘတ်ကို မြင်မိပါတယ်။ ကျွန်တော်လည်း သူ့အတွက် ပျော်ပါတယ်။ ဒါဟာ ရေးဖော်တစ်ယောက်ရဲ့ မုဒိတာပါ။

အဲဒါကြောင့် အမှာစာ မဟုတ်တဲ့ ဒီစာကို ရေးဖြစ်ပါတယ်။ စာပေနယ်မှာ ဒီထက်မက အမှတ်တရ မိုင်တိုင်းပေါင်းများစွာ စိုက်ထူနိုင်ပါစေကြောင်း မှူးဆက်ပိုင်(ရွှေတောင်) အတွက် မှတ်မှတ်ရရ ဆိုချင်ပါတယ်။

မင်းဝေဟင်
(၁၀–၁–၂၀၂၀)

◆


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဆရာမှူးအတွက် အမှတ်တရစာ

ဆရာမှူးဆက်ပိုင်(ရွှေတောင်)ကို ကျွန်တော် ကောင်းကောင်း သိသည်။ ကျွန်တော် ဝတ္ထုတိုများ စတင်အားစိုက်ရေးသားခဲ့သည့်အချိန်တွင် သူ့ကလောင်အမည်နှင့် ကျွန်တော် ရင်းနှီးကျွမ်းဝင်နေပြီ ဖြစ်သည်။

ဝတ္ထုတိုရေးသားခြင်း အလုပ်တွင် သူက ကျွန်တော့်ထက် ဆောလျင်စွာ အားထုတ်အလုပ် လုပ်ခဲ့သူတစ်ဦး ဖြစ်သည်။ ထိုသို့သော ဆရာမှူးဆက်ပိုင် (ရွှေတောင်)က တစ်နေ့မှာ ကျွန်တော့်ကို စကားတစ်ခွန်း ပြောလာသည်။

'ဆရာရဲ့ ကျွန်တော့်ဝတ္ထုတိုစုစည်းမှုအတွက် အမှာစာလေး ရေးပေးပါ' တဲ့။

ကျွန်တော်က ငြင်းပါ၏။ စာရေးသားခြင်းအလုပ်တွင် ကိုယ့်ထက် ခရီးရောက်၊ ခရီးပေါက်ခဲ့သူတစ်ဦး အပေါ် ကျွန်တော်၏ ထင်မြင်ချက်ကို ဖော်ပြရန် အလို့ငှာ ကျွန်တော် မဝံ့ရဲပါ။ မတတ်သာသည့်အဆုံး 'အမှတ်တရစာ' သဘောမျိုး ရေးသားပါမည့်အကြောင်း တောင်းပန်ရသည်။ သို့အတွက် ဤစာစုကို 'ဆရာမှူးအတွက် အမှတ်တရစာ' ဟူ၍သာ မှတ်ယူကြစေလိုပါသည်။

❑

ဇလပ်နီစာပေ

mgyoe.com

mgyoe.com

ကျွန်တော့်ဆီ ဆိုက်ရောက်လာသော သူ့စာမူထုတ်ကြီးကို ဖတ်ရတော့မှ ဝတ္ထုတိုရေးသားခြင်းနှင့် ပတ်သက်ပြီး သူ ကောင်းစွာ အားထုတ်ခဲ့ကြောင်း မြင်တွေ့ရသည်။ သူ့ဝတ္ထုတွေက လစဉ်ထုတ်မဂ္ဂဇင်းတွေထဲ အလျင်မပြတ် ဖော်ပြခံခဲ့ရသည်ကိုလည်း တွေ့ရ၏။

သူ့ဝတ္ထုတွေအကြောင်း မပြောခင် သူ့အကြောင်း အရင်ပြောလို သည်။ ကလောင်ချင်း ရင်းနှီးကျွမ်း ဝင်နေရာက သူနှင့် လူချင်းဆုံပြီး စကား ပြောခွင့်ရခဲ့၏။ စကားစမြည် ပြောဆိုရာက သူ့အကြောင်း တစ်စွန်းတစ်စ သိလာရသည်။ သူက ဆံသဆရာအဖြစ် အသက်မွေးသူ။ စာကြည့်တိုက်မှူး တစ်ဦးလည်း ဖြစ်သည်။ သူက ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းနေထိုင်သူဟု ကျွန်တော်မြင်သည်။

မှတ်မှတ်ရရ သူ၏ ဝတ္ထုတိုတစ်ပုဒ်ဖြစ်သော 'ကိုဘသာနှင့် ရောင်စုံမီးခိုးစများ'ကို ဖတ်ပြီးစအချိန်မှာ သူနှင့် စကားပြောခွင့် ကြုံခဲ့ခြင်း ဖြစ်၏။ စကားစမြည် ပြောနေရင်းမှာပင် သူ့အတွေးများက ထူးခြားသည်ဟု ကျွန်တော် တွေးမိသည်။ သူက သူတကာ မမြင်သော တွေးထောင့် ၊ ရှုထောင့်ကလေးများကို စေ့စေ့ပေါက်ပေါက် တွေးတတ်မြင်တတ်သည်။ (ထိုသို့သော အတွေးတစ်စကိုပင် သူက ဝတ္ထုတိုတစ်ပုဒ် ဖြစ်လာအောင် ရက်ဖွဲ့ပြနိုင်သူ ဖြစ်သည်) သူ့အတွေးသူ့အမြင်ကိုလည်း ပွင့်ပွင့်လင်းလင်းပင် ပြောဆိုတတ်၏။ သို့နှင့် ကျွန်တော်က 'အက်ဆေးလေးတွေ ရေးကြည့်ပါလား'ဆိုပြီး တခုတ်တရ အကြံပြုစကား ဆိုခဲ့ဖူးသည်။

❑

သူ့ဝတ္ထုများက အမယ်စုံသည်။ အများစုက သရုပ်မှန်ဝတ္ထုများ ဖြစ်သည်။ သရော်ဟန် ဝတ္ထုတချို့ကိုလည်း တွေ့ရ၏။ ကလေးဇာတ်ကောင်များ ပါဝင်သည့် ဝတ္ထုများလည်း ပါသည်။

ဝတ္ထုတို အားလုံးကို ဖတ်ပြီးသည့်အခါ ကျွန်တော်ခံစားမိတာ တစ်ခု ရှိသည်။ အဲဒါက ဝတ္ထုများအပေါ် ထားရှိသည့် သူ၏ 'ရိုးသားမှု' ဖြစ်သည်။ ဝတ္ထုအပေါ် ရိုးသားသည်။ ဇာတ်ကောင်များအပေါ် ရိုးသားသည်။ သူမြင်သည့်အတိုင်း၊ သူတွေးသည့်အတိုင်း ရေးသည်။ ဝတ္ထုအားလုံးတွင် စာရေးသူက ပလီပလာ ထွေလီကာလီ ဝင်ပြောမထားသည်က နှစ်သက်ဖွယ် ကောင်းသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကလေးဇာတ်ကောင်များ ပါဝင်သည့် ဝတ္ထုတိုများတွင် ကလေး များနှင့် လိုက်ဖက်သော စကားပြောများ၊ ကလေးများ၏ အမူအရာနှင့် လိုက်ဖက်သော ဝါကျများကို အံဝင်ခွင်ကျ ဂရုပြုရွေးချယ် ရေးဖွဲ့ထားသည်မှာ နှစ်လိုဖွယ် ကောင်းသည်။

သူ့ဝတ္ထုတိုတွေကို ဖတ်ပြီး သူ့ကို ဝတ္ထုရေးသားခြင်း အလုပ်နှင့် ပတ်သက်ပြီး ကောင်းစွာ အားထုတ်ခဲ့သူ တစ်ဦးအဖြစ် အောက်မေ့မိသည်။ ဝတ္ထုတိုနှင့်ပတ်သက်လျှင် လက်စလက်န ရှိသူတစ်ဦးမို့ သူ့ကို ဝတ္ထုရေးသား ခြင်းအပေါ် စိတ်ပြန်လည်လာစေလိုသော စိတ်ဆန္ဒလည်း ဖြစ်မိသည်။

သူ့ဝတ္ထုတိုများထဲတွင် ကျွန်တော် အကြွေရဆုံး ဝတ္ထုနှစ်ပုဒ် ရှိ သည်။ 'ကိုဘသာနှင့် ရောင်စုံမီးခိုးစများ' နှင့် 'တို့အမျိုးဇာနည် ပီပါပေသည်' တို့ ဖြစ်၏။ ဘာကြောင့် ကြွေရသည်ကို ကျွန်တော် မပြောလို။ ဖတ်ကြည့်လျှင် သိကြပါလိမ့်မည်။ 'သို့ အယ်ဒီနှင့် သံလုံး မှ ဘုရားသခင်' နှင့် 'တစ်ကိုယ်ရေ ဘယာနက ပုစ္ဆာများ' ဝတ္ထုများကတော့ ဖတ်ပြီးမှ တွေးရသော ဝတ္ထုများဟု ဆိုချင်သည်။

'အစားအသောက်ကောင်းကို စားသောက်ရသောအခါ၌ ချစ်ခင်သူ တို့ကို သတိရ၏' ဟူ၍ မှတ်သားကြားသိခဲ့ဖူးသည်။ အခုလည်း အရသာ ရှိလှသော အမယ်စုံလင်သည့် ဟင်းပွဲများကို ကိုယ်တိုင်ကိုယ်ကျ စားသောက် စေလိုသည့် ဆန္ဒဖြင့် စာချစ်သူမိတ်ဆွေများကို လက်တို့လိုက်ရပါ၏။

ရဲရင့်လုံ(ဆေး–မန်း)


◆


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

## နွားဟောင်းလောင်း နွားပေါက်ကလေးများ



mgyoe.com

mgyoe.com SAMPLE BOOK

## နားဟောင်းလောင်း နားပေါက်ကလေးများ

ပွဲခင်းတစ်ခုလုံး လူသံ၊ ကက်ဆက်သံတွေနဲ့ ဆူညံလွှန်းနေတယ်။ တိုးမပေါက်အောင် စည်ကားလှတဲ့ ဇီးကုန်း မြသိန်းတန် ဘုရားပွဲ မဟုတ်လား။ အဝတ်အစား တောက်တောက်ပြောင်ပြောင်တွေနဲ့ သူ့ထက်ငါ ရှိုးထုတ်နေတဲ့ မိန်းမလှလေးတွေကလည်း တောင်ပုံရာပုံနဲ့။ ကျွန်တော်တို့ ပွဲဈေးသည်တွေ အဖို့မှာတော့ ဒီအလှအပ အာရုံတွေကို မခံစားနိုင်သေးပါဘူး။ ကျွန်တော့်ရှေ့မှာ ဝိုင်းအုံပြီး သီချင်းစာအုပ် ရွေးနေတဲ့ လူထုပရိသတ်ကိုသာ မျက်တောင် တစ်ချက် မခတ်ဘဲ သတိနဲ့ ဝေးကြည့်နေရတယ်။ ဘာစာအုပ် မရှိဘူးလား၊ ဘယ်သူဆိုတဲ့ ဘယ်စီးရီး မရှိဘူးလားဆိုတဲ့ အမေးစကားတွေကိုလည်း ဖြေနေရသေးတယ်။

"တစ်ရာဖိုး လေးအုပ် မရဘူးလား"

ရှေ့တည့်တည့်နားက ကောင်လေးတစ်ယောက် ဈေးဆစ်တာပါ။ ကျွန်တော် ပေးလို့ မဖြစ်ပါဘူး။ ခုလို လူကျနေတဲ့ အချိန်မှာ တစ်ယောက်ကို လျှော့လိုက်ရင် ကျန်ဝယ်သူတွေပါ လိုက်ပေးနေရမှာပေါ့။ တစ်ဦးတည်း ဝယ်၍ တစ်ဦးတည်းက ဆစ်လျှင်တော့ ကျွန်တော် ပေးလိုက်မှာပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK

"မရဘူး ညီလေးရ၊ တစ်ရာဖိုး သုံးအုပ်က အစ်ကို ဈေးလျှော့ထားတာပါ"

ကောင်လေးက တစ်ချက် စဉ်းစားပြီး ရွေးပြီးသားစာအုပ် လေးအုပ်ထဲက တစ်အုပ် ပြန်ထားတယ်။

"ဒီမှာ အစ်ကို၊ သုံးအုပ်နော်"

လို့ ပြောပြီး တစ်ရာတန် တစ်ရွက် ကျွန်တော့်ကို လှမ်းပေးတယ်။

"မျိုးကြီးရဲ့ အခမ်းနားဆုံး ရှိလားဗျ"

ထိုင်ရွေးနေတဲ့ လူအုပ်နောက်က နေရာမရှိလို့ ဝင်ရွေးခွင့် မသာတဲ့ လူတစ်ယောက်က လှမ်းမေးတယ်။

"ရှိတယ် အစ်ကို၊ ယူမလား ခင်ဗျာ"

"တစ်အုပ် ဘယ်လောက်လဲ"

"တစ်အုပ်လေးဆယ်၊ တစ်ရာဖိုးယူရင် သုံးအုပ်ပါ"

"တစ်အုပ်ပဲပေးပါ"

မျိုးကြီးစာအုပ်ကို လှမ်းယူရင်း ထိုအစ်ကိုကို လက်ဆင့်ကမ်းပေးလိုက်ပါတယ်။ ငါးဆယ်တန် တစ်ရွက်က လက်ဆင့်ကမ်း ကျွန်တော့်ဆီ ပြန်ရောက်လာတယ်။ လွယ်ထားတဲ့ လွယ်အိတ်ထဲက အကြွေဆယ်တန် တစ်ရွက်ကို ကုန်းရှာနေတုန်း မျက်စိထောင့်မှာ ကောင်လေးတစ်ယောက် ဖျတ်ခနဲ စာအုပ်တစ်အုပ် ခါးကြားထိုးလိုက်တာ တွေ့တယ်။ ကျွန်တော် မမြင်ချင်ယောင်ဆောင်ရင်း စာအုပ်ဝယ်တဲ့ အစ်ကိုကို တစ်ဆယ် ပြန်အမ်းလိုက်တယ်။

ပြီးမှ ကျွန်တော် စာအုပ်အလစ်သုတ်တဲ့ ကောင်လေးကို စိုက်ကြည့်ရင်း –

"ညီလေး ရွေးလို့ ပြီးပြီလား။ ဘယ်နှအုပ် ယူမလဲ"

လို့ မေးလိုက်တော့ ကောင်လေးက မလုံမလဲနဲ့ ကျွန်တော့်ကို တစ်ချက်ကြည့်တယ်။ ကျွန်တော့်အမူအရာက 'ငါသိပါတယ်ကွာ' ဆိုတဲ့ အဓိပ္ပာယ်ကို သူ ဖတ်မိလိုက်တယ်။ ကျွန်တော် သူ့ကို လှည့်မကြည့်တော့ဘဲ နောက်တစ်ယောက်ကို စာအုပ်ရှာပေးရင်း ရောင်းနေလိုက်တယ်။ ဒါပေမဲ့ ကျွန်တော် မျက်စိစွေ အကြည့်မှာ ခုနက အလစ်သုတ်တဲ့ ကောင်လေး ခါးကြားထဲက စာအုပ်ကို စာအုပ်အထပ်အပေါ် မသိမသာ ပြန်ထားတယ်။ ပြီးတော့

mgyoe.com SAMPLE BOOK

ကျွန်တော့်ကို လှမ်းကြည့်တယ်။ ကျွန်တော် ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။ သူ ကျွန်တော့်ရှေ့မှာ ကြာကြာ မနေရဲပါဘူး။ သူ့အပေါင်းအသင်းတစ်ယောက်ကို လက်ကုပ်ပြီး ထထွက်သွားတယ်။

ကျွန်တော့်အဖို့က ဒါမျိုးတွေ ရိုးနေပါပြီ။ ဆယ့်နှစ်ပွဲဈေး စလိုက်ကတည်းက လူအမျိုးမျိုးနဲ့ ပေါင်းသင်းဆက်ဆံနေရတာ။ လူတွေအကြောင်း နားလည်သင့်သလောက် နားလည်မိနေပါပြီ။ ကျွန်တော် ခုလိုမလုပ်ဘဲ တိုက်ရိုက် သူ့ခိုးစွပ်စွဲလိုက်ရင် စာအုပ်ပြန်ရဖို့ထက် ရှက်ရမ်းရမ်းပြီး ရန်ပွဲဖြစ်သွားဖို့က ပိုသေချာတယ်လေ။

ကျွန်တော် စာအုပ်ရောင်းနေရင်း လက်က နာရီကို ကြည့်လိုက်တော့ တစ်နာရီ ဆယ့်ငါးမိနစ် ရှိနေပြီ။ ပွဲရုံရှေ့မှာ ရောင်းနေတဲ့ လေးညီတစ်ယောက်လည်း လက်မလည်အောင် ရောင်းနေရပြီ ထင်တယ်။ ကျွန်တော် လူရှင်းတော့မှ ညစာ ထမင်းမစားရသေးဘူး ဆိုတာ သတိရတယ်။ ကျွန်တော့်ဘေးမှာ ရောင်းနေတဲ့ အထည်ဆိုင်ကို လှမ်းကြည့်လိုက်တော့ အထည်ရွေးနေတဲ့ သုံးဦးပဲ တွေ့ရတယ်။ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပြီး -

"ကိုမြင့်ဇော်၊ ကျွန်တော့်ဆိုင်ကို ခဏစောင့်ကြည့်ပေးပါဦး။ ကျွန်တော် ထမင်းသွားစားချင်လို့"

ကိုမြင့်ဇော်က ကျွန်တော့်ကို ခေါင်းဆတ်ပြတယ်။ ကျွန်တော် ပွဲဈေးတစ်လျှောက် လေးညီရှိတဲ့ နေရာကို လှမ်းလာလိုက်တယ်။ လေးညီဆိုင်က လူကျနေတုန်း။

မိန်းမကိုင် ပိုက်ဆံအိတ် တစ်အိတ်ကို အတွင်းအပြင် ဖွင့်ပြရင်း လေးညီ ဈေးဆွယ်နေတယ်။ ဝယ်သူ မိန်းကလေးကလည်း သဘောကျနေတာ သေချာတယ်။ သူမ မျက်နှာကိုတစ်ချက် အကဲခတ်လိုက်တာနဲ့ ကျွန်တော် ဝေခွဲတတ်တယ်။ လေးညီကလည်း သူ့အတွေ့အကြုံအရ အာဘောင်အာရင်း သန်သန်နဲ့ ညွှန်းဆိုနေတယ်။ ဒါပေမဲ့ မိန်းကလေးသဘာဝအတိုင်း မဆစ်ဘဲ မနေနိုင်ဘူး ထင်ပါရဲ့။

"မရလို့ပါ ညီမရယ်။ ဒါ ရန်ကုန်တိုက်ရိုက် ဈေးပါပဲ။ အစ်ကိုတို့က အလုံးအရေအတွက်နဲ့ ဈေးတစ်မျိုး ယူခဲ့ရတာ။ အမှန်အတိုင်း ဝန်ခံရရင် တစ်အိတ်မှ ငါးဆယ်ပဲ မြတ်ပါတယ်။ မဖြစ်လို့ပါဗျာ"


mgyoe.com

mgyoe.com SAMPLE BOOK

ကောင်မလေးက မရမှန်းသိလို့ ထပ်မဆစ်တော့ပါဘူး။ လေးညီ ဆိုတဲ့ ဈေးကို ချက်ချင်းပဲ ထုတ်ပေးလိုက်တယ်။ ကျွန်တော် သိတာပေါ့။ လေးညီ ပိုက်ဆံအိတ်တစ်လုံးကို ထက်ဝက်လောက် မြတ်တယ်ဆိုတာ။

"ဟာ… အစ်ကို ထမင်းစားပြီးပြီလား။ ကျွန်တော်တော့ မစားရသေးဘူး"

လေးညီက ကျွန်တော့်ကို ထိုင်ဖို့ နေရာပေးရင်း ပြောတယ်။

"မစားရသေးဘူးကွ။ မင်းနဲ့ စားမလို့ လာတာ"

"စားမယ်လေ အစ်ကို၊ ဒေါ်နန်းဆိုင် သွားထုပ်လိုက်မယ်။ အစ်ကို ဒီမှာ ခဏစောင့်"

လေးညီက ပြောရင်း ဒေါ်နန်းဆိုင်ကို ပြေးသွားတယ်။ ဒေါ်နန်း ဆိုတာက ကျွန်တော်တို့လို ဆယ့်နှစ်ပွဲဈေး လှည့်နေတဲ့ ထမင်းဆိုင်ပေါ့။ ရင်းနှီး ခင်မင်နေသူတွေမို့ ကျွန်တော်တို့ကို ဈေးမှန်မှန်နဲ့ စေတနာ အပြည့်အဝ ထားပြီး ထမင်းရောင်းနေကျပါ။ ကျွန်တော်တို့ ပွဲဈေးသည်တွေကလည်း ဘယ်ပွဲ ရောက်ရောက် ဒေါ်နန်းဆိုင်မှာပဲ ဝယ်စားနေကျ။ တခြားဆိုင် ဘယ်တော့မှ မကူး။ ခဏကြာတော့ လေးညီ ပြန်ရောက်လာတယ်။

"ဘာဟင်းနဲ့လဲကွ"

"ထုံးစံအတိုင်းပဲပေါ့ အစ်ကိုရာ။ ကြက်ဥတစ်လုံး နှစ်ယောက်စားတာပေါ့"

ကျွန်တော် လေးညီကို ကြည့်ရင်း ခပ်ဟဟ ရယ်လိုက်တယ်။ ကျွန်တော်ရော၊ လေးညီရောက ချွေတာသုံးရင်း အိမ်အပြန် ငွေထုပ်ပိုက်ပြီး ပြန်ဖို့ အကြံကြီးနေကြတာလေ။ ကျွန်တော်တို့မှာ ရည်ရွယ်ချက်တွေ ကိုယ်စီ ရှိကြတယ်။ ဘာရယ်ကြောင့်တော့ မဟုတ်ပါဘူး။ ခုချိန်ထိ တစ်ယောက် ရည်ရွယ်ချက်ကို တစ်ယောက် မစပ်စုကြသေးဘူး။ ကျွန်တော် လေးညီနဲ့ အတူ ရောင်းရငွေတွေ တွက်လိုက်တာ ထမင်းသာ ကုန်သွားတယ်။ အရသာ ဘာမှန်း မသိလိုက်ဘူး။

❑


mgyoe.com

အနောက်ဘက် ရိုးမတောင်တန်းကြီးဆီမှာ နေလုံးကြီးက မေးတင်ဝင်စ ပြုနေတယ်။ ပတ်ဝန်းကျင် တစ်ခွင်လုံးမှာ ပုစွန်ဆီရောင် နေခြည်တွေနဲ့။ ကျွန်တော့်ချစ်သူက ဒီနေ့ ခါတိုင်းထက် ပိုလှနေတယ်။ ဝင်းဝါတဲ့ အသားအရေပေါ်မှာ သနပ်ခါး ခြေဆုံး၊ ခေါင်းဆုံး လိမ်းထားတာရယ်၊ နေဝင်စ တိမ်နီတောက်နေတဲ့ နေရောင်ကြောင့်ရယ်။ ကျွန်တော့်ချစ်သူကို ကျွန်တော် ရှုမဝနိုင်လောက်အောင် ဖြစ်နေမိတယ်။

"မောင် ... အဲဒါ ဘယ်လို လုပ်မလဲလို့ မေးနေတယ်လေ"

ကျွန်တော် ငေးမောနေမိရာက ချစ်သူ အမေးကို သတိပြုမိလိုက်တယ်။

"ဘာကို ပြောတာလဲ မေလေး"

"ကြည့်၊ ဒီက ပြောတာကို စိတ်ဝင်စားမှု မရှိဘူး"

"မဟုတ်ပါဘူး မေလေးရာ၊ မေလေးကို ငေးနေရင်း သတိလွတ်သွားတာပါ"

မေလေးက နှုတ်ခမ်းစူရင်း စကားကို ဆက်ပြောတယ်။

"အမေက ပြောတယ်၊ ညည်းတို့ ဘယ်တော့ ယူကြမှာလဲတဲ့"

"အဲဒါ မေလေးက ဘာပြောလိုက်လဲ"

"ယူတာတော့ ယူမှာပေါ့ အမေရာလို့။ ဒါပေမဲ့ ဘာတစ်ခုမှ မပြည့်စုံသေးလို့ ကြိုးစားနေတဲ့ အခြေအနေပဲ ရှိသေးတယ်လို့ ပြောလိုက်တာပေါ့"

"အင်း ... ဟုတ်တယ်လေ၊ မောင်တို့ ခု ငွေစုနေတာပဲ"

"ဒါတော့ ဒါပေါ့ မောင်ရယ်၊ ဒါပေမဲ့ အမေ နောက်ထပ်ပြောတာက ညည်းတို့ အရွယ်တွေလည်း မငယ်တော့ဘူးတဲ့။ ဒီလိုကြီး ရေရှည်တွဲနေတာ ပတ်ဝန်းကျင်အတွက်လည်း မသင့်တော်ဘူးတဲ့။ အဲဒီတော့ မယူဖြစ်ကြသေးဘူး ဆိုရင်လည်း စေ့စပ်ထားတာလောက်တော့ ရှိသင့်ပြီတဲ့။ မောင့်ကို ပြောပြပေါ့တဲ့။ အမေတို့ဘက်က သမီးရှင်ဆိုတော့ ဘာပြောပြော နစ်နာစရာရှိရင် အမေတို့ပဲ နစ်နာကြရမှာတဲ့... ကဲ"

"အဲဒီတော့ မောင်က မေလေးနဲ့ စေ့စပ်ဖို့ စီစဉ်ရမယ်ပေါ့ ဟုတ်လား"

ကျွန်တော်က စကားပြောရင်း မေလေးကို သိုင်းဖက်လိုက်တယ်။

မေလေးက မျက်စောင်းထိုးရင်း -

"ဘာလဲ၊ မောင်က စေ့စပ်ဖို့ကို သဘောမတူလို့လား"



mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်တာ မေလေးကလဲ၊ မောင်က သဘောမတူဘဲ နေပါ့မလား။ ဖြစ်နိုင်ရင် ခုချက်ချင်းတောင် လက်ထပ်လိုက်ချင်တာ။ မေလေးကို တင့်တောင့်တင့်တယ် မထားနိုင်သေးလို့"

"ဒါပဲ မောင်၊ ခု မေလေးတို့ စေ့စပ်တဲ့အခါကျရင် မောင်ဝတ်ပေးမယ့် စေ့စပ်လက်စွပ်က စိန်တုံးကလေး ကွပ်ထားတဲ့ ရွှေလက်စွပ် လှလှကလေး ဖြစ်ရမယ် သိလား"

"ဟင် ... စေ့စပ်ရင် လက်စွပ်ပါရမှာလား"

"ကြည့် ... မောင်နော်၊ စေ့စပ်လက်စွပ် မပါဘဲ စေ့စပ်ပွဲ လုပ်မယ်ဆိုရင် မောင် မေလေးကို မချစ်လို့ဘဲ"

"မဟုတ်ပါဘူး မေလေးရဲ့ မောင်တို့က လက်ထပ်ဖို့အတွက် ငွေစုနေကြတာလေ။ အဲဒီလက်စွပ်အတွက် သီးသန့်ကြီး ကုန်သွားရင် နောက် အရေးကြီးတဲ့ ကိစ္စတွေကို နှောင့်နှေးသွားမှာ စိုးလို့ပြောတာ"

"ဒီလက်စွပ်ကလည်း မေလေးနဲ့ မောင်တို့အတွက်ပဲဟာ။ လက်ထပ်လိုက်တဲ့အခါကျလည်း မေလေးနဲ့ မောင်ပဲ ပိုင်ဆိုင်ရမယ့်ဟာ။ အလကား ဆုံးရှုံးသွားမှာမှ မဟုတ်တာဘဲ။ တော်ပါ မောင်ရာ၊ မေလေးကို မချစ်ရင်၊ လက်မထပ်ချင်ရင် ဒီမှာပဲ လမ်းခွဲကြမယ်"

"ဟာကွာ၊ ကြည့် မေလေးက အမိပ္ပာယ်မရှိ စိတ်ကောက်ဦးမယ်။ ကဲ ... ကဲ၊ မောင် မေလေးနဲ့ စေ့စပ်ဖို့ ဒီတစ်ခါ ဆယ့်နှစ်ပွဲဈေး လိုက်ပြီးရင် လက်စွပ် လုပ်နိုင်အောင် ကြိုးစားမယ်၊ ဟုတ်ပြီလား"

ကျွန်တော့်စကားကြောင့် မေလေးမျက်နှာ စူပုပ်နေရာက ပြန်လည်ဝင်းပလာတယ်။ ဘာပဲဖြစ်ဖြစ် ဒီနှစ် ကျွန်တော် ချွေချွေတာတာနဲ့ လက်စွပ်နှစ်ကွင်း လုပ်နိုင်ဖို့ ကြိုးစားရဦးမယ်။

အိမ်ရောက်တော့ အမေ့ကို ပြန်ပြောမိတယ်။ အမေကတော့ ပြုံးပြုံးပြုံးပြုံးနဲ့ ငါ့သားလေး ပင်ပန်းမှာကိုပဲ စိုးရိမ်ပါတယ်တဲ့။

❑


mgyoe.com

mgyoe.com SAMPLE BOOK

ကြို့ပင်ကောက်မြို့ရဲ့ မြို့မဈေးက တစ်နေ့လုံး ဈေးပါ။ ကားဂိတ်၊ ဘူတာနဲ့ တစ်ဆက်တည်း ရှိတာကြောင့် အချိန်ပြည့် လူစည်လေ့ရှိတယ်။ လေးညီ ခေါ်လာလို့ ကျွန်တော် ဈေးထဲ ရောက်နေရတယ်။ အထည်ဆိုင်တန်းက ဖြတ်လာကြပေမယ့် အထည်ဆိုင်တွေကို လေးညီ မကြည့်ပါဘူး။ ကျွန်တော် ကသာ အထည်ဆိုင်တွေကို ဒေးမောရင်း မေလေးနဲ့ လိုက်မယ် ထင်တဲ့ အရောင် အသွေးတွေကို စိတ်ကူးနဲ့ ရွေးနေမိတယ်။ ကျွန်တော့်ဒေးမှုကြောင့် ထင်ရဲ့။ အထည်ရောင်းသမလေးတွေရဲ့ ဝယ်ပါ၊ ယူပါ ဖိတ်ခေါ်မှုက လက်လိုက် မဆွဲရုံတစ်မည် သွက်လက်လွန်းတယ်။

ကျွန်တော် မဒေးရဲတော့ပါဘူး။ ခပ်တည်တည်နဲ့ ရှေ့တူရူလမ်းကိုပဲ ကြည့်ပြီး လျှောက်လာလိုက်တယ်။ လေးညီ ဘယ်သွားမယ်ဆိုတာ ကျွန်တော် မသိဘူး။ ဒါပေမဲ့ လေးညီ တစ်စုံတစ်ခုကြောင့် စိတ်ထက်သန်နေတယ် ဆိုတာ ကျွန်တော် ရိပ်မိတယ်။

ကျွန်တော့်ကို လေးညီ ပြောဖူးတယ်။ ကျွန်တော် ပိုက်ဆံစုနေတာ။ ဒီပွဲ အဆင်ပြေရင်တော့ ပြည့်လောက်ပြီတဲ့။ ပြီးတော့ ကျွန်တော် အိမ်ခဏ ပြန်ဦးမယ်တဲ့။ အဆင်ပြေရင် ကြို့ပင်ကောက်မှာပဲ အပြီးလုပ်သွားမှ ထင်တယ် လို့ ပြောတယ်။ ကျွန်တော်က မင်း ဘာလုပ်မှာလဲ ဆိုတော့ ခပ်ပြုံးပြုံးနဲ့ ဘာမှ ပြန်မပြောတော့ဘူး။ သူ့မျက်နှာကတော့ မျှော်လင့်ချက်တွေကြောင့် ထင်ပါရဲ့။ ကြည်လင် ဝင်းပနေတယ်။

ကျွန်တော်လည်း ကြို့ပင်ကောက်ပွဲပြီးရင် အိမ်ပြန်ဦးမယ်လို့ စိတ်ကူး ထားတယ်။ မေလေးနဲ့ တိုင်ပင်ပြီး ဒီနှစ် ကျွန်တော်တို့နှစ်ယောက် စေ့စပ် ကြမယ်လေ။ ကျွန်တော် လက်စွပ်လုပ်ဖို့က ငွေသိပ်မလိုတော့ဘူးလို့ ထင်တယ်။ ရွှေဈေး အတက်အကျကိုတော့ ကျွန်တော် မသိဘူး။

ရှေ့မှာ လျှောက်နေတဲ့ လေးညီက အစ်ကို ထမင်းသုပ် စားမလားလို့ မေးတယ်။ ကျွန်တော် ခေါင်းခါလိုက်တယ်။ လေးညီက တစ်ချက် ရယ်သွမ်း သွေးလိုက်ရင်း –

"စားပါ အစ်ကိုရာ၊ ကျွန်တော် ဒီနေ့ အစ်ကို့ကို ကျွေးချင်လို့ပါ။ အရင်လို မချွေတာတော့ပါဘူး" လို့ ပြောတယ်။

ကျွန်တော်လည်း လေးညီကို တအံ့တသြ ကြည့်ရင်း –


mgyoe.com

mgyoe.com SAMPLE BOOK

"မင်း ဒီနေ့ အူမြူးနေတယ်"

လို့ ပြောလိုက်တော့ -

"မြူးရတာပေါ့။ ကျွန်တော့်ဆန္ဒတွေ ဒီနေ့ ပြည့်ဝတော့မယ်လေ။ ပွဲဈေး စလိုက်တဲ့ ပေါင်းတည်စွယ်တော်ကတည်းက ဒီနေ့ပွဲအထိ ချွေတာ စုဆောင်း လာလိုက်တာ ဒီနေ့ ပြည့်ဝပြီလေ အစ်ကိုရ"

လို့ ပြောတယ်။

လေးညီ ဘာတွေ၊ ဘာအတွက်၊ ဘာဆန္ဒပြည့်သွားတာလဲ ကျွန်တော် မသိဘူး။ ကျွန်တော် မေးလိုက်ရင်လည်း မကြာခင် သိရမှာပေါ့ အစ်ကိုရာ ဆိုတဲ့ စကားနဲ့ပဲ အဆုံးသတ်သတ်သွားရတယ်။

ကျွန်တော် လေးညီ ကျွေးတဲ့ ထမင်းသုပ်ကို စားလိုက်တယ်။ မစား ရတာကြာလို့ ထင်ပါရဲ့။ ထမင်းသုပ်က အစပ်အဟုပ် တည့်ပြီး ကောင်းလိုက် တာ။ ကျွန်တော် အားနာနာနဲ့ သုံးပွဲလောက် တီးပစ်လိုက်တယ်။ ဒါတောင် လေးညီက အစ်ကို ယူဦးလေလို့ ပြောနေသေးတယ်။ ကျွန်တော် မနည်းဘရိတ် အုပ်ထားလို့။ ကျွန်တော်တို့ ထမင်းသုပ်စားပြီး ဈေးထောင့်က လက်ဖက်ရည် ဆိုင်မှာပဲ ထိုင်ကြတယ်။ ငတ်တတ်ပြတ်ပြတ်နဲ့ ပိုက်ဆံစုနေရတဲ့ ကျွန်တော်နဲ့ လေးညီအဖို့ ဒီနေ့ကတော့ တကယ်ကို နတ်ပြည်ရောက်နေကဲ့နေ့ပါ။ လက် ဖက်ရည် တစ်ခွက်စီနဲ့ ချပေးတဲ့မုန့် ကုန်လုနီးပါး ကျွန်တော်တို့နှစ်ယောက် စားပစ်လိုက်တယ်။ ပိုက်ဆံရှင်းတော့ ကျွန်တော် ရှင်းမယ်လုပ်တယ်။ လေးညီ က လက်မခံပါဘူး။ အစ်ကို့ရည်မှန်းချက်တွေက ပြည့်ဝသေးတာ မဟုတ်ဘူးတဲ့။ ကျွန်တော်ပဲ ရှင်းပါရစေလို့ တောင်းပန်ရင်း လေးညီပဲ ရှင်းလိုက်တယ်။

စားသောက်ပြီး ကျွန်တော်တို့ ဈေးထဲကို ဆက်လျှောက်လာလိုက် တယ်။ လေးညီ ဘယ်သွားပြီး၊ ဘာလုပ်မယ် ဆိုတာ မသိရလို့ ကျွန်တော်လည်း စိတ်ဝင်တစားနဲ့ လေးညီနောက်က လိုက်နေမိတယ်။ လေးညီ ဈေးအတွင်း ဘက် အတော်ကလေး ဝင်သွားပြီးမှ ရွှေအပြည့် ခင်းကျင်းထားတဲ့ ရွှေဆိုင် တစ်ခုရှေ့မှာ ရပ်လိုက်တယ်။ ကျွန်တော်လည်း လေးညီနောက်က လိုက်ရပ်ရင်း ရွှေထည်ပစ္စည်းတွေထဲက လက်စွပ်တွေထားတဲ့ မှန်ပေါင်ကို ငေးမောနေ မိတယ်။ မေလေး ပြောတဲ့ စိန်ပါတဲ့လက်စွပ် ဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်လို့ တွေးရင်း ကြည့်နေလိုက်တာ။ လေးညီအသံကြားမှ သတိဝင်လာတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

လေးညီကို ဆိုင်ရှင်က မျက်မှန်းတန်းမိနေတယ် ထင်ရဲ့၊ ရောက်ရောက်ချင်း 'ဟာ ... ညီလေး၊ လာထိုင်ဦး' ဆိုတဲ့ လောကဝတ်စကား ဆိုတယ်။ လေးညီက ကျွန်တော့်လက်ကို ဆွဲရင်း -

"အစ်ကိုလာ၊ အထဲမှာ ခဏထိုင်ဦး"

လို့ ပြောတယ်။ ရွှေဆိုင်ထဲမှာက စားပွဲတစ်လုံး၊ ကုလားထိုင် ငါးလုံးကို စနစ်တကျ ခင်းကျင်းထားပါတယ်။

"ညီလေးမှာတဲ့ ပစ္စည်းက ရပါပြီ။ ခဏနော်၊ အစ်ကို ဘောင်ချာ ဖြတ်လိုက်ဦးမယ်"

ဆိုင်ရှင်က လေးညီကိုပြောရင်း ဘောင်ချာရေးနေတယ်။ လေးညီက ကျွန်တော့်ကို ကြည့်ပြီး -

"ကျွန်တော် ရွှေအပ်ထားတာ အစ်ကိုရ"

လို့ ပြောတယ်။ ကျွန်တော် တအံ့တသြနဲ့ -

"မင်း ရွှေအပ်ထားတာ ဟုတ်လား"

လို့ ပြန်မေးမိတယ်။ လေးညီက ခေါင်းဆတ်ပြတယ်။ ကျွန်တော်နဲ့ အကြံချင်းတူနေတဲ့ လေးညီကို ကျွန်တော် ဝမ်းသာအားရ ကြည့်ရင်း -

"မင်းနဲ့ ငါတော့ ငွေစုရခြင်းအကြောင်းက လာတူနေပြီ လေးညီရ"

လို့ ပြောလိုက်တော့ လေးညီကလည်း တအံ့တသြနဲ့ -

"ဟုတ်လား၊ အစ်ကိုလည်း ရွှေလုပ်ဖို့ ငွေစုနေတာလား။ ဘယ်သူ့အတွက်လဲ။ နားတောင်းလား၊ ဆွဲကြိုးလား"

လို့ ကပျာကယာနဲ့ မေးတယ်။ ကျွန်တော် ခပ်ပြုံးပြုံးနဲ့ သူ့ခိုးကို လက်ပူးလက်ကျပ်မိတဲ့ စတိုင်လ်မျိုး လေးညီကို ကြည့်ရင်း -

"ဟ ... ဟ၊ ငါ့ကို မမေးနဲ့လေ လေးညီရ။ မင်းကော ဘယ်သူ့အတွက်လဲ။ မင်း အူမြူးနေပုံ ထောက်ရင်တော့ ဟဲ ... ဟဲ"

ကျွန်တော့် စကားကြားတော့ လေးညီက ရယ်လိုက်တယ်။ ကျွန်တော် သိလိုက်တာပေါ့။ ကျွန်တော့်လိုမျိုးမှ မဟုတ်ရင် လေးညီ သူ့ချစ်သူ၊ သူ့ရည်းစားအတွက် ရွှေလုပ်တယ်ဆိုတာ ကျွန်တော် ခန့်မှန်းမိလိုက်တာပေါ့။ ကျွန်တော့်အတွေး မဆုံးခင်မှာဘဲ လေးညီဆီက စကားတစ်ခွန်း ကြားလိုက်ရတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"အစ်ကို ထင်သလို မဟုတ်ပါဘူးဗျာ။ ကျွန်တော် လုပ်တာက နားတောင်း။ အမေ့အတွက် တစ်ရန်၊ နားတောင်းလေး တစ်စုံပါ"

ကျွန်တော် ပါးစပ်ဟောင်းလောင်း ဖြစ်သွားတယ်။ ကျွန်တော့်အထင်နဲ့ အမြင်က တက်တက်စင်အောင် လွဲမှားသွားပါလား။ လေးညီက ဆက်ပြော တယ်။

"အဖေဆုံးကတည်းက အမေ့နား နားတောင်းမရှိခဲ့တာ။ အခု အဖေ ဆုံးတာ လေးနှစ်၊ အမေ နားတောင်း မပန်ရတာ လေးနှစ် အစ်ကိုရ။ အမေ့ နားက နားပေါက်ဟောင်းလောင်းလေးကို မြင်တိုင်း ကျွန်တော့်ကိုယ်ကျွန်တော် သားတစ်ယောက် တာဝန်မကျေသလို အမြဲခံစားနေရတာ။ အဲဒါကြောင့် ကျွန်တော် ငွေစုပြီး လုပ်ဖြစ်အောင် လုပ်လိုက်တာ။ ဒီနှစ်တော့ ဆန္ဒပြည့်ပါပြီ။ ဒီနားတောင်းလေးသာ အမေ တွေ့ရရင် ဘယ်လိုနေမလဲ မသိဘူး အစ်ကိုရာ" တဲ့။

လေးညီရဲ့ ဝမ်းသာအားရ စကားတွေက ကျွန်တော့်ခေါင်းကို ပုဆိန်နဲ့ ထုနေသလိုပါပဲ။ ကျွန်တော့် ဝေဒနာကို ကျွန်တော် ပြန်မဆန်းစစ်ရဲဘူး။ မျက်လုံး ထဲ မြင်ယောင်နေတာ တစ်ခုကတော့ အိမ်မှာကျန်ခဲ့တဲ့ ကျွန်တော့် အမေလည်း နားဟောင်းလောင်း နားပေါက်ကလေးတွေနဲ့ပါပဲလေ။

*ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊*
*အမှတ် ၁၈၉၊ ဩဂုတ်၊ ၂၀၀၅။*

◆


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



သို့… အယ်ဒီနှင့် သံလုံး

မှ… ဘုရားသခင်

mgyoe.com

mgyoe.com SAMPLE BOOK

## သို့ ... အယ်ဒီနှင့် သံလုံး၊ မှ ... ဘုရားသခင်

"ဘုရားသခင်မှာ အီးမေးလ် ရှိသလား"

လက်ဖက်ရည်ဆိုင်ထဲ ရောက်ရောက်ချင်း စည်သူ မေးလိုက်တဲ့ မေးခွန်းကြောင့် ကျွန်တော် မျက်လုံးပြူးသွားသည်။

ကျွန်တော့်ကို ပြုံးစစ ကြည့်ပြီး စည်သူက သူဖတ်ဖူးတဲ့ ဆရာဒေါက်တာခင်မောင်ညို့ရဲ့ 'ဘုရားသခင်သို့ အီးမေးလ်ပို့ခြင်း' ဆောင်းပါး အကြောင်းကို ပြောပြတယ်။

ဆောင်းပါးမှာ သားငယ် အယ်ဒီက ဖခင်ဖြစ်သူ ဂျက်ဆင်ကို 'အဖေ၊ ဘုရားသခင်မှာရော အီးမေးလ် ရှိလား' လို့ မေးတဲ့မေးခွန်းလေးနဲ့ စထားတယ်။ အင်မတန် ရှုးစမ်းချင်စိတ်ရှိတဲ့ သားငယ်အယ်ဒီတစ်ယောက် စိတ်ကျေနပ်မှု ရှိအောင် ဖခင်က ပြီးစလွယ် -

"ရှိတာပေါ့ သားရယ်၊ ဘုရားသခင်ရဲ့ အီးမေးလ်လိပ်စာက god @ heaven.com ပေါ့"

လို့ ဖြေလိုက်မိရာက စပြီး အယ်ဒီလေးဟာ သူ့စိတ်ထဲမှာရှိတဲ့ ခံစားမှု မှန်သမျှ၊ လိုချင်တာမှန်သမျှကို ဘုရားသခင်ဆီ အီးမေးလ်ပို့တော့တာပဲတဲ့။



mgyoe.com

m gyoe.com SAMPLE BOOK

ဒါပေမဲ့ ဇာတ်လမ်းက ပြီးမသွားဘူး။ အယ်ဒီ ဘုရားသခင်ကို အီးမေးလ် ပို့ထားတဲ့ စာထဲမှာက –

*"ဘုရားသခင်၊ ကျွန်တော် စာမေးပွဲမှာ အဆင့်ကောင်းကောင်းရဖို့ ဆုတောင်းပါတယ်။ ဘိုးဘိုးကြီးစင်တာ ခရစ္စမတ်မှာ လာလည်ဖို့ ကြံဆောင်ပေးပါ။ ကျွန်တော့် အတွက် လျှပ်စစ်ရထားတစ်စီးလောက် လက်ဆောင်ပေးဖို့ ဘိုးဘိုးစင်တာကို ပြောပေးပါ။ ကျောင်းမှာ နေမကောင်းဖြစ်နေတဲ့ ကလေးမလေး ပင်စီ ကျန်းမာစေဖို့ ကောင်းချီးပေးတော်မူပါ။ အရှင့်သား အယ်ဒီ"*တဲ့။

အယ်ဒီကို ဘုရားသခင်က အီးမေးလ် ပြန်မပို့ခဲ့ဘူး ဆိုရင် အယ်ဒီဟာ သူ့အဖေက သူ့ကို လိမ်တယ်ဆိုပြီး အယုံအကြည် မဲ့သွားနိုင်တယ်။ တိုးတက်နေတဲ့ ကာလထဲ ဘုရားသခင်မှာ အီးမေးလ်လေးတောင် မရှိသေးဘူး ဆိုပြီး စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားနိုင်တယ်။ အဲဒီအကြောင်းအချက်တွေကြောင့် ဂျက်ဆင်ရဲ့ အပေါင်းအဖော် မိုက်ကယ်က ဘုရားသခင်အနေနဲ့ အယ်ဒီ့ဆီ စာပြန်တယ်။

*"ချစ်လှစွာသော အယ်ဒီ၊ မင်းကို ငါကြည့်နေတယ်။ ကြိုးစားပါ။ ပင်စီလည်း နေကောင်းသွားမှာပါ။ စင်တာကလော့ကိုလည်း ငါ တောင်းပန်ပေးလိုက်မယ်။*

*ချစ်ခင်ရသော ဘုရားသခင်"* လို့။

နောက်ပြီး အယ်ဒီ လိုချင်တဲ့ ကစားစရာ လျှပ်စစ်ရထားလေးကို စတိုးဆိုင်က ဝယ်ပြီး 'ဘုရားသခင်က ပေးပို့သည်' လို့ လိပ်မူတပ်လိုက်တယ်။ နောက်ပိုင်း ကျောင်းသူ၊ ကျောင်းသားတွေက သူတို့ရဲ့ အဆင်မပြေတာတွေ၊ စိတ်ခံစားမှုတွေ အကုန်လုံးက god @ heaven.com ဆီ ပို့ကြတယ်။ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ စိတ်ဆန္ဒ လိုအပ်ချက်ကို အဲဒီနည်းနဲ့ ကျောင်းက သိရှိပြီး ကျောင်းအနေနဲ့ ကလေးတွေကို စိတ်ကျေနပ်မှု ပေးစေတယ်။ အဲဒီကျောင်းက စံပြကျောင်းကလေး ဖြစ်သွားတယ်တဲ့။

ယနေ့မှာ ဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေသာမက ပြည်သူအများစုကပါ god @ heaven.com ကို အီးမေးလ် ပို့နေကြပြီတဲ့။ လူအင်အား ၂၅ ဦး ပါဝင်တဲ့ မိုက်ကယ်တို့ အဖွဲ့ဟာ နှစ်ဆိုင်းခဲ့ပြီး အလုပ်လုပ်နေရပြီတဲ့။

❑


mgyoe.com

mgyoe.com

'ဟာ'ခနဲ ဖြစ်သွားတဲ့ အသံတွေနဲ့အတူ လက်ဖက်ရည်ဆိုင်ထဲမှာ ရှိနေတဲ့ လူအားလုံး 'ထိုလူ'အပေါ် အာရုံရောက်သွားတယ်။ ကောင်တာမှာ တစ်စုံတစ်ခု ဝယ်ပြီး ပိုက်ဆံရှင်းဖို့ အိတ်ထဲ နှိုက်လိုက်ရာက လက်ကိုင်ပဝါနှင့် ရောထွေးပြီး ထောင်တန် အသစ်စက်စက်တစ်အုပ် လက်ဖက်ရည်ဆိုင် နေရာ အနှံ့ ပြန့်ကျဲသွားတယ်။ တချို့ကတော့ မယုံကြည်မှုစိုးဟန်နဲ့ နေရာက မထ ကြပါဘူး။

ကျွန်တော်တို့ဝိုင်းကို လက်ဖက်ရည် လာပို့ပြီးသွားတဲ့ သံလုံးကလည်း ထိုလူကို ရပ်ကြည့်နေတယ်။ တစ်စုံတစ်ရာ အရေးကြီးနေတဲ့ ထိုလူက လက်ထဲ စုမိနေတဲ့ ပိုက်ဆံကို ရေတွက်မနေတော့ဘူး။ အိတ်ထဲ အမြန်ထိုးထည့်ရင်း ကျေးဇူးတင်စကား ပြောလို့ ဆိုင်ကယ်စက် နှိုးလိုက်တယ်။

အဲဒီအချိန် သံလုံးက ကပျာကယာ ကောင်တာနား ပြေးသွားပြီး ကြမ်းခင်းပျဉ်နဲ့ တစ်ထွာသာသာလောက်သာ ကွာတဲ့ ကောင်တာခုံအောက်ကို ဝမ်းလျားထိုးမှောက်ပြီး ကြည့်တယ်။ နောက် တစ်ဆုံးနှိုက်ပြီး လက်ပြန် ထွက်လာတော့ တစ်ထောင်တန် အသစ်စက်စက် နှစ်ရွက်။

သံလုံး ဆိုင်ကယ်ပေါ်က ထိုလူကို ကပျာကယာ လှမ်းခေါ်တယ်။ ထွက်တော့မယ့်ဟန် ပြင်နေတဲ့ ထိုလူက သံလုံးကို ပြန်ကြည့်ရင်း မေးဆတ် ပြတယ်။ သံလုံးက လက်ထဲမှာရှိတဲ့ တစ်ထောင်တန်နှစ်ရွက်ကို ရှိရှိသေသေ လှမ်းပေးပြီး ဆိုင်ထဲ ဝင်လာလိုက်တယ်။

သံလုံး အပြုအမူ အားလုံးကို ကြည့်နေကြတဲ့ ဆိုင်ထဲက လူတွေက သံလုံးကို တအံ့တသြနဲ့။ တချို့က သံလုံးကို 'အေ'လို့ ထောမနာ ပေးတယ်။ တချို့က လူကြီးလူကောင်းဆန်ဆန် သံလုံးကို ချီးမွမ်းကြတယ်။ သံလုံး မိသားစု အကြောင်းကို အတွင်းသိ၊ အစင်းသိ ဖြစ်နေတဲ့ လူတစ်ယောက်က သံလုံးကို-

"မင်းကွာ၊ အိမ်မှာ မင်းအဘွားအတွက် ဆေးဖိုးလေး၊ ဓာတ်စာလေး အထောက်အကူ ပြုရမယ့်ဟာကို ဘာမဟုတ် ရိုးသားပြချင်သေးတယ်"

သံလုံးကတော့ ဘယ်သူ့ကိုမှ၊ ဘာစကားမှ ပြန်မပြောဘူး။ သူ လုပ်စရာ ရှိတဲ့ အလုပ်တွေကို ဆက်လုပ်နေလိုက်တာပါပဲ။ သူတို့ ပြောဆိုနေကြတဲ့ သံလုံးဆိုတာက ၁၃ နှစ်သာသာ ရှိသေးတဲ့ လက်ဖက်ရည်ဆိုင် စားပွဲထိုး ကောင်လေးတစ်ယောက်ပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်နဲ့ စည်သူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိကြတယ်။

❑

ထုံးစံထက် ပိုစောပြီး ကျွန်တော်နဲ့ စည်သူ လက်ဖက်ရည်ဆိုင်ကို ထွက်လာလိုက်ကြတယ်။ လက်ဖက်ရည်ဆိုင်ကို အမြန်ရောက်ချင်တဲ့ စိတ်နဲ့ တစ်ယောက်ကိုတစ်ယောက် ဘာစကားမှတောင် မပြောမိကြဘူး။ တဖြည်းဖြည်း နီးလာတဲ့အလျောက် ဆိုင်ကို ခပ်လှမ်းလှမ်းက လှမ်းမြင်နေရပြီ။ မနက်စောလွန်းသေးတဲ့အတွက် ဆိုင်မှာ လူသိပ်မစည်သေးပါဘူး။ ဒါပေမဲ့ ကောင်တာမှာ လူလေးငါးယောက် ဝိုင်းနေတာကိုတော့ လှမ်းမြင်နေရတယ်။ ကျွန်တော် စည်သူ့ကို တစ်ချက်ကြည့်လိုက်တော့ စည်သူက ခေါင်းညိတ်ပြီး ဆက်သွားဖို့ ပြောတယ်။

ကျွန်တော်တို့ နှစ်ယောက် ဝင်လာတာကိုတောင် ဆိုင်တစ်ဆိုင်လုံး ဘယ်သူမှ သတိမထားမိဘဲ သူတို့ ရှေ့မှာရှိတဲ့ ကောင်တာပေါ်က တစ်စုံတစ်ရာကိုသာ သဲကြီးမဲကြီး ကြည့်နေကြတယ်။

ကျွန်တော်ရော၊ စည်သူပါ ကောင်တာနား ကပ်သွားပြီး အသာ အကဲခတ်လိုက်တော့ ကောင်တာပေါ်မှာ စာအိတ်ကလေး တစ်အိတ်။ စာအိတ်ပေါ်မှာက 'မောင်သံလုံးသို့ ဘုရားသခင်' ဆိုပြီး လိပ်စာတပ်ထားတယ်။ ဆိုင်ရှင့်လက်ထဲမှာက စာရွက်တစ်ရွက်နဲ့ တစ်ထောင်တန် ငါးရွက်။ သံလုံးကတော့ စိတ်အလိုမကျဟန်နဲ့ မျက်မှောင်ကြီး ကုတ်လို့။

စည်သူက ဆိုင်ရှင်ကို ပြုံးရယ်ပြပြီး –

"ဘာဖြစ်နေကြတာလဲ။ ကျွန်တော်တို့ကိုလည်း ပြောပါဦး"

ဆိုပြီး စပ်စုလိုက်တယ်။ ဆိုင်ရှင်က လက်ထဲမှာ ကိုင်ထားတဲ့ စာရွက်လေးကို စည်သူ့ဆီ ထိုးပေးပြီး ဖတ်ကြည့်ပါတော့လို့ ပြောတယ်။ စာထဲမှာက –

*"ချစ်လှစွာသော သံလုံးရေ၊ မင်းကို ငါစောင့်ကြည့်နေမိတာ မင်းရဲ့ ရိုးသားမှုကို ငါ တွေ့လိုက်ရတယ်။ မင်းအဘွား ကျန်းမာရေးအတွက် စိတ်မပူ*


mgyoe.com

mgyoe.com SAMPLE BOOK


*ပါနဲ့။ အားလုံး အဆင်ပြေသွားမှာပါ။ မင်းရိုးသားမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ငွေငါးထောင် ချီးမြှင့်လိုက်တယ်။ မင်း အရာရာ အဆင်ပြေပါစေ။*

*ချစ်ရသော ဘုရားသခင်"*

စာက ကွန်ပျူတာစာစီနဲ့ သေသေသပ်သပ် ရိုက်ထားတာပါ။ စည်သူက စာရွက်ကလေးကို ကောင်တာပေါ်တင်ရင်း သံလုံးကို ဝမ်းသာအားရဟန်နဲ့ -

"မင်းကို ဘုရားသခင်က ဆုချီးမြှင့်တာပဲကွ။ ဝမ်းသာစရာပဲဟေ့"

ဆိုင်ရှင်က စည်သူ့စကားကို ခေါင်းကုတ်ပြီး -

"အဲဒါ ပြောတာပေါ့ မောင်စည်သူရာ၊ တစ်ယောက်ယောက်က စိတ်ကူးယဉ်ဆန်ဆန်နဲ့ တစ်ဖက်လှည့်ပေးတဲ့ ပိုက်ဆံကို မင်းကောင် သံလုံးက မယူချင်ပါဘူးတဲ့။ ပိုင်ရှင်ဆီ ပြန်ပို့ပေးပါလို့ နားပူတိုက်နေတယ်ဟေ့"

ကျွန်တော်ရော၊ စည်သူပါ ဆိုင်ရှင့်စကားကြောင့် အံ့သြမှင်တက်မိသွားတယ်။ စည်သူက သံလုံးခေါင်းကို အသာပွတ်သပ်ပြီး -

"မင်းက ဘာလို့ မယူချင်တာလဲကွ။ မင်းအဘွားအတွက် ဆေးဖိုးအဆင်ပြေသွားတာပေါ့"

လို့ ဆိုတော့ သံလုံးက စည်သူ့ကို မကျေမနပ် တစ်ချက်ကြည့်တယ်။ ကျွန်တော်တို့ မလာခင် သူပြောခဲ့ဖူးဟန်ရှိတဲ့ စကားကို ထပ်မပြောချင်၊ ပြောချင်နဲ့ပဲ ပြောတယ်။

"ဟာ ... ကိုစည်သူကလည်း လမ်းထဲမှာ သူများ အကြွေးမပေးဘဲ ကလိမ်ကျပြီး သေသွားတဲ့ ကိုဖိုးလူအကြောင်းကို မသိသေးဘူးလား။ ခု သူ အကြွေးဆပ်ရမယ့် အိမ်မှာ နွားမကြီး သွားဖြစ်နေတယ်တဲ့။ ကိုဖိုးလူလိုပဲ အဲဒီနွားမကြီးရဲ့ လက်မှာ အနာရွတ် အစင်းကြောင်းကြီးက ထင်းလို့။ တစ်လမ်းလုံးသိတယ်။ ကိုယ့်ပိုက်ဆံ မဟုတ်ဘဲ သူများပိုက်ဆံ အလကား မယူချင်ပါဘူးဗျာ။ မတော် ကိုဖိုးလူလို အကြွေးဆပ်နေရရင် ဘယ်နှယ့်လုပ်မလဲ"

စည်သူက သံလုံးစကားတွေကို သဘောတကျ ခပ်ဟဟရယ်ရင်း -

"မင်းနှယ့်ကွာ၊ အတွေးခေါင်လိုက်တာ။ ဒါက မင်းကို ချေးတာမှ မဟုတ်ဘဲကွ။ မင်းကို ပေးချင်လို့ အပြီးပေးတာပဲဟာ။ ကိုဖိုးလူလို မဖြစ်ပါဘူးကွာ"

သံလုံးက သူ့ခေါင်းကို တဗျင်းဗျင်း ကုတ်တယ်။

ဇလပ်နီစာပေ

mgyoe.com

"မသိတော့ဘူးဗျာ။ ကိုယ်လည်း ဘာတစ်ခုမှ လုပ်မပေးရဘဲနဲ့တော့ အဲဒီ ပိုက်ဆံကို မယူချင်ပါဘူး။ ဘာမှန်းမသိ၊ ညာမှန်းမသိ။ မတော် အဘွား ပြောသလို ကျွန်တော့်ကို ဘုရားရိုက်နေမှ ဒုက္ခ။ ကျွန်တော် ဘုရား ရိုက်မှာတော့ ကြောက်ပါတယ်ဗျာ"

သူ ပြောချင်ရာ ပြောပြီး လှစ်ခနဲ ပြေးထွက်သွားတဲ့ သံလုံးကို စည်သူနဲ့ ကျွန်တော် ငေးကြောင်ကြည့်နေမိတယ်။ ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ်နေ တာက သံလုံး ပြောသွားတဲ့ စကား။

"ဘုရားရိုက်မှာ ကြောက်တယ်"တဲ့။

*ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊*
*အမှတ် ၂၄၆၊ မေ၊ ၂၀၁၀။*

◆



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သံရှုကြောင်းကွဲ ပြဇာတ်



mgyoe.com

mgyoe.com SAMPLE BOOK

# သံတူကြောင်းကွဲ ပြက္ခဒိန်

"ဟယ်... ကောင်မ၊ ငါ့ဆီလာတယ်"

အိမ်ရှေ့ကို မြင်းလှည်း ထိုးရပ်လိုက်တယ် ဆိုရင်ပဲ မိရင်ရွှေက အူယား ဖားယား ပြေးချလာတယ်။ မြင်းလှည်းပေါ်က လက်ဆောင် မုန့်ဘူးတွေကို သယ်နေရလို့ ကျွန်မ မိရင်ရွှေကို နှုတ်ဆက်စကား မပြောရသေးဘူး။

"ညည်း လာမယ်ဆို ငါ့ဆီ ကြိုအကြောင်း ကြားရောပေါ့။ ခုတော့ ဆိုင်းမဆင့်၊ ဗုံမဆင့်"

မိရင်ရွှေ ခပ်လာပေးတဲ့ ရေကို အငမ်းမရ သောက်ရင်း အမောပြေ တော့မှ စကား စပြောရတယ်။

"အစီအစဉ် မရှိပါဘူးဟာ။ စိတ်ကူးတည့်ရာ ထွက်လာမယ်ဆိုပြီး စဉ်းစားတော့ ကျောင်းက သူငယ်ချင်းတွေထဲ ညည်းပဲ ကျုပ် စိတ်ထဲပေါ်တယ်။ တကယ်"

"အံမယ် ကောင်မ၊ ခုမှ အပိုတွေ"

မိရင်ရွှေနဲ့ကျွန်မ တဟားဟား ရယ်မိကြတယ်။ ကျောင်းတုန်းက အချိန်တွေကို ပြန်သတိရရင်း ကိုယ့်ကိုယ်ကိုယ်တောင် ၁၀ နှစ်လောက် ပြန်ငယ်



mgyoe.com

mgyoe.com SAMPLE BOOK

သွားသလို ခံစားမိလိုက်တယ်။ စိတ်ညစ်ညစ်နဲ့ စိတ်ကူးတည့်ရာ ထွက်လာမိတော့ ကျွန်မ တကယ်ပဲ မိရင်ရွှေကို သတိရမိတာပါ။ ကျောင်းမှာကတည်းက မိရင်ရွှေနဲ့ ကျွန်မက စိတ်တူကိုယ်တူ အတွဲဖြစ်ဆုံး။

"ညည်း ပိုလှပြီး၊ ပိုဝလာတယ်နော်"

မိရင်ရွှေစကား ကြားမှ သူ့ကို ပြန်ကြည့်ပြီး ပြန်ဝေဖန်ဖို့ မိရင်ရွှေကို သေချာကြည့်ရတယ်။ ဟင်… ကျွန်မ စကားပြန်ပြောဖို့ နှုတ်ဆွံ့သွားမိတယ်။ မိရင်ရွှေ ပုံစံကို ကျွန်မ ခုမှ သေချာကြည့်ဖြစ်တာပါ။ ၁၀ နှစ်ဆိုတဲ့ အချိန်ဟာ ဒီလောက်ကြီး ပြောင်းလဲနိုင်သတဲ့လား။ မိရင်ရွှေရဲ့ဖြူဝင်းပါတယ်ဆိုတဲ့ အသားအရေက ခုတော့ မွဲခြောက်ခြောက်နိုင်လှတယ်။ ကောက်စိုက်သမတွေ နေလောင်ထိ ခံထားတဲ့ အသားအရေမျိုး ညိုညစ်ညစ်နဲ့။ ပြီးတော့ ပြည့်တင်းပြီး အချိုးအဆစ် ကျလှပါတယ်ဆိုတဲ့ မိရင်ရွှေ ခန္ဓာကိုယ်က ပိန်ပါးပြီး ပုံပျက်ပန်းပျက်။ အင်္ကျီ၊ လုံချည်တွေကိုလည်း ကြည့်ပါဦး၊ နွမ်းနွမ်းဖတ်ဖတ်နဲ့။ အစောပိုင်းက မိရင်ရွှေ နှုတ်ဆက်လိုက်တဲ့ လေသံကြောင့်သာ ကျွန်မ မိရင်ရွှေလို့ သိလိုက်တာ။ ခုပုံဟန်က လမ်းမှာသာတွေ့ရင် ကျွန်မ မိရင်ရွှေကို မှတ်မိနိုင်စရာ အကြောင်း မရှိပါ။

"ကောင်မ၊ ငါ့ကို ဘာလို့ စိုက်ကြည့်နေရတာလဲ"

"ငါ ညည်းပုံစံကို ကြည့်ပြီး မယုံနိုင်လို့ပါအေ"

မိရင်ရွှေက အရင်လို မဟုတ်တဲ့ သူ့ပုံစံကို သူ့ဘာသာ သတိပြုမိဟန်ပါပဲ။

"ဘာမှ မယုံမကြည် ဖြစ်မနေနဲ့။ ငါတို့က မိဘပိုက်ဆံ ဆုပ်ကိုင်ပြီး ကျောင်းတက်နေရတဲ့ ကျောင်းသူတွေ မဟုတ်တော့ဘူးလေ။ ကိုယ်ပိုင်ဘဝတွေထဲ ကိုယ်တိုင် တိုးဝင်နေရတဲ့ ဘဝခရီးသည်တွေ ဖြစ်ကုန်ကြပြီ။ ကျရာ ဇာတ်ရုပ်ပဲပေါ့"

"အံမယ်၊ ညည်းက စကားကြီး စကားကျယ်နဲ့။ အခုအချိန်ထိ ကဗျာတွေ ရေးတုန်းလား"

မိရင်ရွှေက ကျွန်မစကားကို နှုတ်ခမ်းတွန့်၊ ပါးရွဲ့ပြတယ်။

"ဟိုတုန်းက ကဗျာက စိတ်ကူးယဉ်ပြီး ရေးခဲ့တာ။ အခု နှုတ်က ထွက်တဲ့ စကားက ဘဝက ရေးခဲ့တာ။ ကဲ… ဘယ်ဟာက ပိုပြီး သဘာဝကျမလဲ"


mgyoe.com

mgyoe.com SAMPLE BOOK

မိရင်ရွှေ နှုတ်က ဘဝ၊ ဘဝ ဆိုတာကြီး ထပ်ကာ ထပ်ကာ ပြောလာတော့ ကျွန်မ ရယ်ချင်မိသွားတယ်။ ဒါပေမဲ့ ကျွန်မ မရယ်ဖြစ်ပါဘူး။

"ဟဲ့... ဝေမောင်၊ ဒီလာစမ်း၊ အန်တီလေးရဲ့ အိတ်ကို ဟိုတိုင်မှာ သွားချိတ်လိုက်။ ငါခိုင်းထားတဲ့ အချဉ်ရည်ရော ထုပ်ပြီးပြီလား"

ကိုးနှစ်အရွယ်ခန့် ကောင်လေးတစ်ယောက်နဲ့ မိရင်ရွှေ စကားပြောတာကို ကြည့်ပြီး ကျွန်မ အံ့ဩပြီးရင်း အံ့ဩသွားမိတယ်။

"ဒါ ညည်းကလေးလား မိရင်ရွှေ"

"အေးလေ၊ ငါ ကျောင်းပြီးဖို့ တစ်နှစ်လောက်အလိုမှာ ယောက်ျားနောက် လိုက်သွားတာ ညည်း သိပါတယ်။ အဲဒါ ငါ့သား အစစ်ပဲ"

ကျွန်မ ခရီးဆောင်အိတ်ကို တိုင်မှာ သွားချိတ်နေတဲ့ အသားလတ်လတ်၊ မျက်ခုံးကောင်းကောင်းနဲ့ ကောင်လေးကို ကျွန်မ လိုက်ကြည့်နေမိတယ်။ သူလေးဟာ မိရင်ရွှေရဲ့ သားတဲ့။

အင်း ... ခုမှပဲ မိရင်ရွှေနေတဲ့ အိမ်ကို ကျွန်မ အသာ အကဲခတ်မိတော့တယ်။ အိမ်ကြီးက အိမ်ကြီးအိမ်ကောင်းပါပဲ။ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်အိမ်ကြီး။ ဒါပေမဲ့ နှစ်ရှည်လကြာ မပြုပြင်ခဲ့လို့လား မသိ။ ကျိုးပဲ့ပေါက်ပြဲ နေတဲ့ ပျဉ်ချပ်များ နေရာမှာ ကြံရာမြွေရေခွံအိတ်တွေ၊ ပလတ်စတစ်အိတ် အကြည်တွေကို ဖြစ်သလို ဖာထေးထားကြတယ်။ ကျွန်မ သက်ပြင်းမောကို မသိမသာချဖြစ်တယ်။

ခုနေလောက်ကို ခန့်မှန်းကြည့်ခြင်းအားဖြင့် မိရင်ရွှေ ဖြတ်သန်းနေရတဲ့ ဘဝခရီးကို ကျွန်မ သေချာသိလိုက်ရပါပြီ။

"ကဲ ... သူငယ်ချင်း၊ ခဏနားဦးအေ။ ငါ့အလုပ်က မပြတ်သေးဘူး။ လုပ်လိုက်ဦးမယ်၊ ခဏလေး"

မိရင်ရွှေက ကျွန်မကို ပြောပြီး မီးဖိုခန်းဘက် ဝင်သွားတယ်။ ဒီကောင်မ ဘာတွေများ လုပ်ကိုင်စားသောက်နေရသည် မသိ။ အခြေအနေ အားလုံးကတော့ ကျွန်မ တွေးထင်ထားတာတွေနဲ့ ပြောင်းပြန်။

အမှန်တော့ ကျွန်မ စိတ်ထွက်ပေါက် တစ်ခုအနေနဲ့ မိရင်ရွှေကို ရင်ဖွင့်ဖို့ လာခဲ့မိတာပါ။ သူငယ်ချင်းနှစ်ယောက် လည်ပတ်စားသောက် ပျော်ကြပြီး ကုန်ဆုံးခဲ့သည့် အပျိုဘဝလေးကို ခေတ္တခဏ ပြန်သွားချင်မိတာပါ။ ကျွန်မရဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အခက်အခဲ ဒုက္ခတွေကို မိရင်ရွှေနှင့် တိုင်ပင်မည်။ ပြီးတော့ မိရင်ရွှေ ပေးသည့် အကြံကောင်းတွေနှင့် ကျွန်မဘဝကို ပြန်ပြီး အကောင်းဆုံး တည်ဆောက်မည်။ ဒါက ကျွန်မရဲ့ စိတ်ကူးတွေပေါ့။ ဒါပေမဲ့ ကျွန်မစိတ်ထဲ တွေးထင်လာတာတွေနဲ့ ခု မိရင်ရွှေ အခြေအနေနဲ့က တခြားစီ။ ပြဒါတစ်လမ်း၊ သံတစ်လမ်း။

"သမီးရေ ရင်ရွှေ၊ သမီး ဒီမှာ ငှက်ပျောသီး ရလာပြီဟေ့။ မပူစူးဆီကပဲ ရခဲ့တယ်။ အရင်ဈေးကို နည်းနည်းမှ မလျှော့နိုင်ဘူးတဲ့။ ဩော်… ဟော် ညည့်သည်ရောက်နေတာလား။ အမေက မျက်စိမကောင်းတော့ သမီးကို ရင်ရွှေ အောက်မေ့လို့"

တစ်ခေါင်းလုံး ဆံပင်တွေ ဆွတ်ဆွတ်ဖြူနေတဲ့ အမယ်အိုတစ်ယောက် လှုပ်လီလှုပ်လဲ့နဲ့ ဖြည်းဖြည်းချင်း အိမ်ထဲဝင်လာတယ်။ ကျွန်မက ရင်ရွှေ မဟုတ်မှန်းသိမှ ညည့်ဝတ်စကားဆိုရင်း မမြင်မစမ်းနဲ့ ခလုတ်တိုက်လဲမလို ဖြစ်သွားလို့ ကျွန်မမှာ အမြန်ပြေးပြီး တွဲကူလိုက်ရသေးတယ်။ အမယ်အို လက်ထဲမှာက မနိုင်မနင်း သယ်လာတဲ့ ငှက်ပျောဖီးက လေးဖီး။

"အို … အမေကလည်း ဘာဖြစ်လို့ ဒီငှက်ပျောသီးတွေ သွားယူလာရ တာလဲ။ သမီး သွားယူမှာပေါ့။ အခုကြည့်၊ လဲလိုက်ရင် သက်သာမှာ မဟုတ်ဘူး။ အမေတို့က ခက်ပါတယ်"

မိရင်ရွှေက အိမ်ရှေ့က အသံတွေ ကြားလို့ ပြေးထွက်ရင်း အမယ်အိုကို ဆူတယ်။ အမယ်အိုကလည်း ပခုံးပေါ်က သဘက်ကလေးနဲ့ ချွေးတွေကို တို့သုတ်ကလေး သုတ်ရင်း ပြုံးပြုံးလေးနဲ့ စကားဆိုတယ်။

"ငါ့သမီး အလုပ်တစ်ခု သက်သာသွားအောင်ပါအေ"တဲ့။

ကျွန်မ သိတာပေါ့။ အမယ်အိုကြီးဟာ မိရင်ရွှေရဲ့ ယောက္ခမပဲ ဆိုတာ။ ကျွန်မ သက်ပြင်းမောတစ်ခု မှုတ်ထုတ်ဖြစ်လိုက်တာက မိရင်ရွှေ ယောက်ျား ဝက်စာ ထွက်ရှာပြီး ပြန်လာမှပါ။ မိရင်ရွှေယောက်ျားက ခြေတစ်ဖက် ပြတ်နေတဲ့ ဒုက္ခိတတစ်ယောက်လေ။

❑

"ငါက ညည်းကို အားနာနေတာ။ ငါ့အလုပ်နဲ့ငါ ရှုပ်နေလို့"

ဇလပ်နီတခေပ

mgyoe.com

မိရင်ရွှေက လက်ဖက်ရည်ဆိုင် ရောက်ရောက်ချင်း ကျွန်မကို အားနာစကား ဆိုပါတယ်။ ဆိုင်ထဲကို ဝင်ခါစတုန်းကတော့ မိန်းကလေးတန်မဲ့ လက်ဖက်ရည် ကြိုက်ခဲ့ကြတဲ့ ကျွန်မတို့ ကျောင်းသူဘဝကို ပြန်အမှတ်ရမိသေးတယ်။

"ညည်း ဘာသောက်မလဲ၊ ငါကတော့ ချိုကျ"

"ညည်းအရင်က ချိုစိမ့်ပါ။ ဘယ့်နှယ် ချိုကျအဆင့်ထိ အကြိုက်ပြောင်းသွားရတာလဲ"

ကျွန်မ စကားကြားတော့ မိရင်ရွှေက ရယ်တယ်။ တစ်နေကုန် ပင်ပင်ပန်းပန်း ၄က်ပျောကော်ပြန့်လိပ် လုပ်ပြီး ဈေးရောင်းခဲ့ရပေမယ့် မိရင်ရွှေမျက်နှာက သောကကင်းစင်ပြီး ကြည်လင်နေတယ်။ ကျွန်မ မိရင်ရွှေဘဝကို အံ့သြပြီးရင်း အံ့သြရင်းပေါ့။

"ဟိုတုန်းက နေရ၊ စားရတာကိုက ချိုလည်း ချိုတယ်၊ စိမ့်လည်း စိမ့်တယ်။ အဲဒီတော့ ငါက ချိုစိမ့် ကြိုက်ခဲ့တာပေါ့။ ဟင်း ဟင်း ဟင်း"

လုပ်လာပြန်ပြီ မိရင်ရွှေ တစ်ယောက်။ ဘယ်စကားကိုပဲ ပြောပြော အဆင်တန်ဆာတွေ မွမ်းမံထားတဲ့ စကားလုံးတွေနဲ့ ဘဝဘက်ပဲ ဦးတည်တည်သွားတယ်။ အေးလေ၊ ကျွန်မ ကိုယ်တိုင်ကလည်း ကျွန်မပိုင်ဆိုင်တဲ့ လက်ရှိဘဝထဲက ထွက်ပြေးလွတ်မြောက်နိုင်သေးတာမှ မဟုတ်တာ။ လက်ရှိဘဝကို မေ့ပျောက်ထားလို့မှ မရသေးတာဘဲ။

"ဘာလဲ၊ ခု ညည်းဘဝက ချိုချိုလေးနဲ့ ကျနေတယ် ပြောပါတော့"

မိရင်ရွှေက ရယ်ပြန်တယ်။ ဒီကောင်မ အူမြူးနေသလား မသိ။ ကျွန်မအတွက်လည်း ပဲန်ပြား လှမ်းမှာနေသေးတယ်။

"ညည်း ခုလက်ရှိ ဘဝကို ကျေနပ်နေတာလား"

ကျွန်မ အမေးစကားကြောင့် မိရင်ရွှေက ကျွန်မကို သေချာပြန်ကြည့်တယ်။ မိရင်ရွှေ တစ်ခဏလေးတော့ ငေးငိုင်သွားတယ်လို့ ကျွန်မ ထင်တယ်။ ဟုတ်တယ်၊ ဒီလိုဘဝမျိုးမှာ ဘယ်လိုမိန်းမသားက ကျေနပ်ပျော်ရွှင်နိုင်ပါ့မလဲလေ။ ငေးငိုင်သွားတဲ့ မိရင်ရွှေဆီက သိပ်မကြာဘူး၊ စကားပြန်ကြားရတယ်။

"ဒါက ငါဖန်တီးယူတဲ့ ဘဝမဟုတ်ဘူး။ ကံတရားက ဖန်တီးပေးတဲ့ဘဝ။ ငါ ရေလို မကျင့်ကြံနိုင်ရင် ငါပဲ သောကများရမှာပေါ့။ ငါ့ယောက်ျား


mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကိုင်ရှာဖွေနိုင်တဲ့ အချိန်တုန်းကတော့ ငါ့ဘဝက ဒီလို ဘယ်ဟုတ်လိမ့်မလဲ။ ခု သူ ဒုက္ခိတဖြစ်သွားတဲ့ အချိန်မှာ ငါမကျေနပ်လို့မှ မရတာ။ အသာစံနိုင်တုန်းကတော့ အသာစံခဲ့ပြီး၊ အနာခံရမယ့် အချိန်မှာ အနာခံရမှာပေါ့။ ဘဝနှစ်ခုကို တစ်ခုအဖြစ် ပေါင်းစပ်ထားတဲ့ လင်မယားတွေလေ။ ငါ ဘာမကျေနပ်စရာ ရှိမတုံး"

ဘုရား ဘုရား။ ကျွန်မအထင်နဲ့ အမြင်က တက်တက်စင်အောင် လွဲနေပါလား။ မိရင်ရွှေ ပြောတဲ့ စကားတွေက ရင်နဲ့ ခံစားပြီးမှ ပေါက်ဖွားလာတဲ့ စကားတွေဆိုတာ ကျွန်မ သိပါတယ်။ ပြီးတော့ ဒါက ကျွန်မအတွက် မိရင်ရွှေဆီက အကြံကောင်းတွေ ဆိုတာလည်း ကျွန်မ တွေးမိလိုက်တယ်။

"ညည်းတို့ လင်မယားကတော့ ဟုတ်ပါပြီ။ ညည်းယောက္ခမကြီးကို ကျွေးမွေးပြုစုနေရတာ ကြတော့ရော သူ့မှာ အခြားသားသမီးတွေ မရှိကြတော့ဘူးလား"

ကျွန်မ စကားကြောင့် မိရင်ရွှေ မချိုပြုံး ပြုံးလိုက်တယ်လို့ ကျွန်မ ထင်မိတယ်။ ကျွန်မ စိတ်အထင်များလား။ အမယ်ကြီးကို ဘယ်ချွေးမ၊ ဘယ်သမက်ကမှ မကြည်ဖြူလို့ သူ့ဆီ ရောက်လာတာတဲ့။ ဒါဆို မိရင်ရွှေက အမယ်ကြီးကို ကြည်ဖြူလို့ပေါ့။ ဒုက္ခိတကိုမှ ပျားတုပ်လေခြင်းလို့ ကျွန်မ တွေးမိတယ်။ ဒါပေမဲ့ မိရင်ရွှေဆီက ထပ်ကြားရတဲ့ စကားကတော့ ကျွန်မအတွေးနဲ့ ဆန့်ကျင်ဘက်ပါပဲ။

"စိတ်ထားတတ်ရင် အရာရာ မြတ်ပါတယ်အေ။ သူ့အမေလည်း ငါ့အမေပဲပေါ့။ ဟိုတုန်းက ကျောင်းသူဘဝမှာတော့ ပျော့တဲ့သစ်သားက မာတဲ့ သံချောင်းကို နေရာဖယ်ပေးရတယ်။ ငါ ဘယ်တော့မှ ပျော့တဲ့သစ်သား မဖြစ်စေရဘူး။ မာတဲ့ သံချောင်းပဲ ဖြစ်ရမယ်လို့။ ဒီမှာ ညည်းသေချာ စဉ်းစားကြည့်စမ်း။ အဲဒီ သစ်သားချောင်းကို ဖောက်ဝင်လာတဲ့ သံချောင်းဟာ အကြောင်းမဲ့ နေရာလိုချင်လို့ ဝင်လာတာ မဟုတ်ဘူး။ သစ်သားချောင်းကို အခြားသစ်သားချောင်းတစ်ခုနဲ့ ခိုင်မြဲသွားအောင် ဂဟေဆက်ပေးချင်လို့ ဝင်လာတာရော မဖြစ်နိုင်ဘူးလား"တဲ့။

မရင်ရွှေဆီက အပြန်လမ်းခရီးမှာတော့ ကျွန်မ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက် ချပစ်လိုက်တယ်။ ကျွန်မ ကြိုတင်စိတ်ကူးသွားခဲ့တာက ကျွန်မ


mgyoe.com

ဘဝကို ရင်ဖွင့်ပြီး မိရင်ရွှေဆီက အကြံကောင်း၊ ဉာဏ်ကောင်း တောင်းဖို့ပါ။ ဒါပေမဲ့ ကျွန်မဘဝအကြောင်းကို ရင်မဖွင့်လိုက်ရဘဲ၊ မိရင်ရွှေဆီက သူ့ဘဝနဲ့ ရင်းပြီး ကျွန်မကို အကြံကောင်း ပေးလိုက်တာပါပဲ။ ကိုယ့်အပူကို သူတစ်ပါး အား မပေးချင်တဲ့ စိတ်ဆန္ဒနဲ့ မိရင်ရွှေကို ကျွန်မဘဝအကြောင်းတွေ ဘာ တစ်ခုမှ မဖွင့်ဟဖြစ်ခဲ့ပါဘူး။

အိမ်ရှေ့တံခါးဝ ရောက်တော့ တံခါးက ပိတ်ထားတယ်။ တံခါးလက် ကိုင်ဘုကို ဆုပ်ကိုင်မိတော့ ကျွန်မလက်တွေ အနည်းငယ် တုန်ခါနေတာ အမှန်ပဲ။ ချွေးစေးအနည်းငယ် စို့နေတဲ့အတွက် လက်က တံခါးလက်ကိုင်ဘုကို လှည့်လိုက်တော့ တံခါးက ပွင့်မလာ။ အထဲက လော့ချထားတာပဲ။ အထဲမှာ ရုပ်မြင်သံကြားစက် ဖွင့်ပြီး ကြည့်နေကြတယ် ဆိုတာတော့ ကျွန်မ အသံ ကြားရလို့ သိနေတယ်။ နောက်ဆုံး လူခေါ်ဘဲလ်ကိုပဲ ကျွန်မ နှိပ်လိုက်ရတယ်။

"သြော်... မမ ပြန်လာပြီ"

ခံစားမှု မပါတဲ့ ရုပ်သေတစ်ခုနဲ့ ကျွန်မယောက်မက တံခါးလာဖွင့်တယ်။ သြော်... မမ ပြန်လာပြီ ဆိုတဲ့ ရေရွတ်သံက ကျွန်မကို ပြောတဲ့စကားလား၊ မိမိကိုယ်ကို ရေရွတ်တဲ့ အသံလားဆိုတာ ကျွန်မ မခွဲခြားတတ်ပါဘူး။

"ကိုကိုရေ... မမ ပြန်လာပြီ"

ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲကို ထိုင်ကြည့်နေတဲ့ မောင့်အမေ ကျွန်မ ယောက္ခမ ဖြစ်သူက ကျွန်မကို လှည့်ကြည့်လာတယ်။ ကျွန်မ နှုတ်ဆက်စကား ဆိုဖို့ ဟန်ပြင်တုန်း မောင့်အမေက တစ်ဖက်ကို ပြန်လှည့်သွားတယ်။ ကိုရီးယား ဇာတ်လမ်းတွဲက ကောင်းနေလို့ ဖြစ်မှာပါလေ။

"သြော်... မင်း ပြန်လာပြီကိုး"

ကျွန်မရှေ့ကို ဘွားခနဲ ရောက်လာတဲ့ မောင့်ကို မြင်တော့ ရုတ်တရက် ကျွန်မ လန့်သွားမိတယ်။ မောင်က ရေချိုးပြီးစ ထင်ရဲ့၊ ရေလဲပုဆိုးနဲ့ အပေါ် ပိုင်းကို ရေသုတ်မပြတ် ထွက်လာတာပါ။ ကျွန်မ မောင့်ကို ရုတ်တရက် လန့်သွားမိလို့ မောင် ပြောလိုက်တဲ့ စကားနဲ့ လေသံကို သေချာ မကြားလိုက်မိ ဘူးရယ်။

ကျွန်မ မောင့်ကို ပြုံးပြလိုက်တဲ့ အပြုံးဟာ အပြုံး မဖြစ်မိ မောင့်ရဲ့စကား ကြောင့် လမ်းတစ်ဝက်မှာပဲ ရုပ်တန့်သွားခဲ့ရတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

"ခုမှ မင်း ဘာကြောင့် ပြန်လာသေးသလဲ။ မင်း အိမ်က ဆင်းသွားတဲ့ အချိန်က စပြီး လင်ယောက်ျားတစ်ယောက်ရဲ့ တာဝန်အရ ငါ့မှာ နေရာစုံအောင် စုံစမ်းပြီး လိုက်ရှာခဲ့တယ်။ မင်းသွားတတ်တဲ့ နေရာမှန်သမျှ ဘယ်နေရာမှာမှ ရှာမတွေ့ဘူး"

လင်ယောက်ျားတစ်ယောက်ရဲ့ တာဝန်အရတဲ့လား။ ကျွန်မစိတ်ထဲမှာ ကာလအတန်ကြာလေး ပူးကပ်နေတဲ့ စိတ်ကောင်းလေး တစ်ခု၊ ဆုံးဖြတ်ချက် ကလေး တစ်ခုဟာ ခုတော့ လွင့်စဉ်ကြွေမွသွားပြီ။ ပြီးတော့ မူလ အရှိတရား ကျွန်မရဲ့ မာနတရားက ရန်စခံလိုက်ရတဲ့ မြွေတစ်ကောင်လို ချက်ချင်း ခေါင်း ထောင်ထလာခဲ့ပြီ။

"အဲဒီတော့ ငါ လက်လှမ်းမမီတဲ့ နေရာမှာ ငါ ဘာတစ်ခုမှ မသိရဘဲ ပြန်လာတဲ့ မင်းကို ငါ ဘယ်လို ယုံကြည်လက်ခံရမလဲ"

ကျွန်မ အသားတွေ တဆတ်ဆတ် တုန်လာတယ်။ ဒေါသကြောင့် ရုတ်တရက် ပြန်ပြောဖို့ စကားလုံးတွေက လည်ချောင်းဝမှာ အလုအယက်နဲ့။ အစော်ကား ခံလိုက်ရပြီ ဆိုတဲ့အသိနဲ့ ကျွန်မ နှုတ်ဆွံ့အနေမိသေးတယ်။ နောက်မှ စိတ်ကို ချုပ်တည်းပြီး -

"ရှင့်ဆီကို ကျွန်မ ပြန်လာတယ်လို့များ ရှင်ထင်နေလား။ ဒီမှာ ကျွန်မလို မိန်းမမျိုးက ရှင့်အိမ်ထောင်စုဇယားမှာ အမည်နာမလေးတစ်ခု ပါရုံနဲ့ အစစ အရာရာ စေလိုရာစေ အဖြစ်ခံမယ့်၊ သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ထင်သလို အစော်ကားခံမယ့် အတန်းအစားထဲ မပါဘူးဆိုတာ ရှင်မြဲမြဲ မှတ်ထားလိုက်"

ကျွန်မရဲ့ ခြေစောင့်သံနဲ့၊ မောင့်ရဲ့ တောက်ခတ်သံဟာ တစ်ထပ်တည်း ပြိုင်တူ ထွက်လာတယ်။ ကျွန်မတို့ အဖြစ်ကို ကိုရီးယားဇာတ်လမ်းတွဲ အကြည့် မပျက် ရှိနေကြတဲ့ အမျိုးသမီး နှစ်ယောက်ကိုတော့ ကျွန်မကလည်း ပြန်ပြီး ဥပေက္ခာပြုရမည်ပေါ့။ ခြံဝင်းနယ်နိမိတ် ကျော်ပြီး ခြံပြင်ရောက်မှ ကျွန်မ လွတ်လပ်ပေါ့ပါး စွာ ရယ်လိုက်မိတော့တယ်။ ဒါပေမဲ့ ကျွန်မ အမြင်အာရုံတွေ ဝေ့သီနေပါတယ်။ ဒီတစ်ခါ မိရင်ရွှေနဲ့ ပြန်တွေ့ဖြစ်မယ် ဆိုရင်လေ ကျွန်မ မိရင်ရွှေကို တစ်စုံတစ်ခု ပြန်ပြောနိုင်လိမ့်မယ်ထင်ရဲ့။ ဒီလိုလေ -

"အချို့အချို့သော သံချောင်းတွေဟာ တစ်စုံတစ်ခုကို ခိုင်မြဲသွားအောင် ဂဟေဆက်ပေးချင်လို့ နေရာယူလာကြတာ မပာတ်ကြဘူးအေ့။ အရာရာကို


mgyoe.com

mgyoe.com

ဆုံးအဖြစ် တည်ရှိနေစေချင်လို့ ဆုံးအဖြစ်နဲ့ကို နေရာယူနေကြတဲ့ သံချောင်းတွေလည်း လောကမှာ အများအပြားပါ" လို့ပေါ့။

*Faces* မဂ္ဂဇင်း၊
ဇွန်၊ ၂၀၁၁။

◆


mgyoe.com

mgyoe.com SAMPLE BOOK



ကောက်ရ

mgyoe.com

mgyoe.com SAMPLE BOOK

# ကောက်ရ

နွေနေက ပူလောင်လွန်းလှရဲ့။ တစ်ချက် တစ်ချက် တိုးဝင်တိုက်ခတ်လာတဲ့ လေပူတွေကလည်း လူကို ပိုပြီး အနေရခက်စေတယ်။ အရိပ်အာဝါသ မရှိ၊ လယ်ကွင်းပြင် ထီးထီးရဲ့အလယ် ဟိုတစ်စု၊ ဒီတစ်စု ဆောက်ထား လက်စ ပွဲဈေးဆိုင်ခန်းတွေကို တစ်ချက်မျှော်ကြည့်ရင်း ရာသီဥတုကို ကျွန်တော် နည်းနည်းတော့ စိတ်ပျက်မိတာ အမှန်ပဲ။

ဒါတောင် ရွှေနတ်တောင် တပေါင်းပွဲဈေးဆိုရင် ကျွန်တော် ဘယ်တော့မှ ဆိုင်စောစော မတက်။ လဆန်း ၈ ရက်နေ့ကနေ လပြည့်နေ့ ၁၅ ရက်အထိ ကျင်းပတဲ့ ဒီတပေါင်းပွဲမှာ ကျွန်တော်က လဆန်း ၅ ရက်နေ့လောက်မှ တက်နေကျ။

ရွှေနတ်တောင် တပေါင်းပွဲတော် ဆိုတာကလည်း နွေခေါင်ခေါင် ရာသီဥတု ပူပြင်းပြီး နေရထိုင်ရ ခက်တာက လွဲရင် အရှုံးမရှိ၊ အမြတ် အသား တင် ကျန်အောင် ရောင်းကောင်းတဲ့ပွဲမျိုး ဖြစ်လေတော့ တက်နေကျ ပွဲဈေး သည်တိုင်း လက်မလွှတ်တဲ့ပွဲ မဟုတ်လား။

"ဟ ကောင်လေး၊ မင်း ရောက်လာပြီလား။ ငါ ဘာကူညီရဦးမလဲဟေ့"



mgyoe.com

mgyoe.com SAMPLE BOOK

ကားပေါ်က ပစ္စည်းတွေ ချနေတုန်း နောက်က ဘကြီးတိုး မေးသံကို ကြားလိုက်ရတယ်။

"ဘကြီးတိုးပါလား။ တစ်နှစ်၊ တစ်နှစ်… ပြန်ဆုံကြပြီနော်။ ဘကြီးတိုး တောင် ပိုဝလာတယ်"

"ဟား ဟား ဟား ငါ့ကောင်ကတော့ လုပ်ပြီဟေ့"

ကျွန်တော့်စကားကို ဘကြီးတိုးက ဟာသလုပ်ပစ်တယ်။

"မင်း သေချာကြည့်စမ်းပါ။ ငါက ဝလာတာ မဟုတ်ဘူး။ မနှစ်ကထက် စာရင် ဒီနှစ် ပိုပြီး အိုစာလာတာ၊ ခါးပိုကိုင်းလာတာ၊ နားပိုထိုင်းလာတာ။ ပြီးတော့ သေဖို့ တစ်နှစ် ပိုနီးသွားတာ။ အဲဒါတွေကမှ အမှန်"

"ဟာ … ဘကြီးတိုးက လုပ်ပြီ။ ကျွန်တော်က တကယ်ပြောတာပါဗျာ။ ဒါနဲ့ ဘကြီးတိုးဆိုင်ကော အားလုံး ပြီးသွားပြီလား"

"နေမလား၊ ငါ့ကောင်ရ ငါပဲဟာ။ လဆန်း ၂ ရက်နေ့က ရက်ကောင်း လို့ ဆိုင်တက်တယ်။ ၃ ရက်နေ့ ဆိုင်ကို အားလုံး ပြင်ဆင်ပြီးတယ်။ ခုရောင်းဖို့၊ ချဖို့တောင် အဆင်သင့်ပဲဟေ့"

ကျွန်တော် ဘကြီးတိုး ဆိုင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်တော့ ဟုတ်ပ။ ဘကြီးတိုးဆိုင်က 'မြင့်မြင့်ဌေး ရွှေတောင်မုန့်ဟင်းခါး' ဆိုကဲ့ ဆိုင်းဘုတ် တောင် လေမှာ တလူလူ လွင့်လို့။

ဘကြီးတိုးနဲ့ ကျွန်တော် သိကျွမ်းခင်မင်ခဲ့ကြတာ ခုဆို ၅ နှစ်လောက် တော့ ရှိပြီထင်ရဲ့။ အသားဖြူဖြူ၊ အရပ်ပုပု၊ ဗိုက်ရွဲရွဲနဲ့ စကားပြောကောင်းတဲ့ ဘကြီးတိုးကို ဒီဇာတ်ရုံရှေ့ ပွဲဈေးသည်တိုင်းက သိကြ၊ ခင်မင်ကြတယ်။

ကျွန်တော်တို့ ရွှေနတ်တောင် ဘုရားပွဲဈေး တက်ရောင်းတယ် ဆိုတာ ဘာကြာသေးလို့လဲ။ ဘကြီးတိုးတို့က ဒီပွဲဈေးကို တက်ပြီး ဈေးရောင်း လာတာ နှစ် ၂၀ နီးပါး ရှိသွားပြီ။ ကျွန်တော် သိရသလောက် ဘကြီးတိုးတို့က ရွှေတောင်မြို့မှာ နေကြတာ။ ဆယ့်နှစ်ပွဲ ဈေးသည်တွေတော့ မဟုတ်ဘူး။ ဒီတပေါင်းပွဲ တစ်ခုပဲ အပျော်တက်ရောင်းကြတာ။

အင်း၊ အပျော် တက်ရောင်းတယ် ဆိုတာက ဒီလို။ ဘကြီးတိုးက သရက်သုံးပင်ရွာ ဇာတိ၊ ရွှေတောင်မြို့ပေါ်ကို မပြောင်းခင် ရွာမှာနေစဉ် အခါက ထုံးတမ်းစဉ်လာ တစ်ခုအနေနဲ့ 'တပေါင်းပွဲဟေ့' ဆိုရင် တစ်ရွာလုံး လှည်းကိုယ်


mgyoe.com

စီနဲ့ အိုးခွက်ပန်းကန် အပြည့်အစုံ သယ်လို့ တပေါင်းပွဲကို ပွဲရက်အစ ရက်နုပိုင်းကနေ၊ ပွဲရက် နောက်ဆုံး ရက်ရင့်ပိုင်းထိ လှည်းဝိုင်းကြီးနဲ့ နေရာအကျယူပြီး လာနေကျ။ ရွာကနေ မြို့ပေါ်ရောက်တော့ အဲဒီအကျင့်ကြီးက ဖျောက်လို့ မရတော့ဘူး။ ဒါနဲ့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် ဈေးရောင်းရင်း ပွဲဈေးလည်။ ရွာလှည်းဝိုင်းက ဆွေမျိုးညာတကာတွေနဲ့လည်း ပြန်လည်တွေ့ဆုံ၊ ဒါကြောင့် အပျော်ပွဲဈေး ရောင်းတယ်လို့ ပြောရတာပါ။

ဘကြီးတိုး သားသမီးတွေက ခုတော့ ကိုယ့်အိုး၊ ကိုယ့်အိမ်နဲ့ တစ်ယောက် တစ်နေရာစီ။ ဒါပေမဲ့ ဘယ်လောက်ပဲ မိဘနဲ့ ဝေးကွာနေတဲ့ သားသမီးပဲ ဖြစ်ဖြစ် ရွှေနတ်တောင် တပေါင်းပွဲတော်ရက် ရောက်ပြီဆိုတာနဲ့ မိသားစုစုံစုံလင်လင် မိဘနဲ့အတူ ဈေးရောင်းဖို့ ပြန်လာကြရတယ်။ ဒါက ဘကြီးတိုးရဲ့ အမိန့်ဆိုပါတော့။ အခါကြီး၊ ရက်ကြီးတွေမှာ မိဘကို လာရောက် မကန်တော့ရင်နေပါစေ။ တပေါင်းပွဲရောက်လို့ မလာဖြစ်တဲ့ သားသမီး၊ မြေးမြစ် တွေကိုတော့ ဘကြီးတိုးက တအား စိတ်ဆိုးတတ်တယ်။

ဒါကြောင့် ဘကြီးတိုးဆိုင်ကို ဘယ်အချိန်ပဲ ကြည့်ကြည့် သူ့သားသမီး၊ မြေးမြစ်တွေနဲ့တင် ဆိုင်က အမြဲတမ်း လူပြည့်၊ စည်ကားနေတတ်တာ။

ဒီအကြောင်းတွေ ဘာလို့သိလဲဆိုတော့ ရက်နုပိုင်း လဆန်းရက်လိုမျိုး အရောင်းပါးတဲ့ ရက်တွေမှာ လရိပ်ကလေးနဲ့ ရင်းနှီး၊ ခင်မင်ရာ ခင်မင်ကြောင်း ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း ဘကြီးတိုးကိုယ်တိုင် အမြဲပြောပြောနေလို့ သိရတာပါ။

အဲ... ဘကြီးတိုး နှစ်စဉ် ကျွန်တော်တို့ကို မပျက်မကွက် ပြောပြောပြတဲ့ အရေးကြီး ဇာတ်လမ်းတစ်ခု ရှိသေးတယ်။ အဲဒါက ဘကြီးတိုးရဲ့ နွားလေး 'ကောက်ရ' ဇာတ်ကြောင်းပေ့ါ။ တပေါင်းပွဲမှာ ဇာတ်လုံးဝ မကရဘဲ ပွဲပြီးချင်ပြီးသွားမယ်။ ဘကြီးတိုးရဲ့ 'ကောက်ရ'ဇာတ်ကြောင်းကို ကျွန်တော်တို့ နားမထောင်လိုက်ရဘဲနဲ့တော့ ပွဲက ပြီးရိုးထုံးစံ မရှိဘူး။ အဲဒီလောက်ထိ။

❑

"န... ပြာ... တွဲ... တောင်၊ ပေါင်း... ကူး... ဆုန်... နောက်၊ န ... ဝါ... ဝါ မြောက်၊ တီ... ကျွတ်... မုန်းရှေ့တဲ့"

ဖလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဖက်တစ်ဇွန်း ကောက်ဝါးနေတုန်း ဘကြီးတိုးရဲ့ စကားအဆန်းကြောင့် နည်းနည်းတော့ စိတ်ဝင်စားသွားတယ်။

"လင်းစမ်းပါဦး ဘကြီးတိုးရဲ့ အဲဒါ ဘာကို ညွှန်းတာလဲ"

"ဒါ နဂါးလှည့်တွေပေါ့ ကောင်လေးရ၊ လအမည်တွေကို အတိုကောက်လုပ်ပြီး မှတ်ရလွယ်အောင် လုပ်ထားတာ။ ဒါတွေကို မယုံလို့တော့ မရဘူး မောင်။ မင်းတို့လို အရောင်းအဝယ်သမားတွေက ပိုပြီး ဆောင်သင့်၊ ရှောင်သင့်တယ်။ နတ်…ပြာ…တွဲ တောင် ဆိုတာက နတ်တော်၊ ပြာသို၊ တပို့တွဲလတွေမှာ နဂါးခေါင်းက တောင်ကို လှည့်တယ်လို့ ပြောတာ။ ထိုနည်းလည်း ကောင်းပေ့။ ပေါင်း… ကူး… ဆုန် နောက် ဆိုတော့ တပေါင်း၊ တန်ခူး၊ ကဆုန်မှာက အနောက်ဘက် စတဲ့ ဆယ့်နှစ်လရာသီမှာ လှည့်တဲ့ နဂါးခေါင်းကို မှတ်ထားတာ"

ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ရင်း ဘကြီးတိုးက စကားကို ခဏနားတယ်။ ပြီးမှ -

"မင်းတို့ ခု ပွဲဈေး တစ်ပွဲနဲ့ တစ်ပွဲ အကူး နဂါးလှည့်သင့်ဖို့ အရေးကြီးသလို ရက်ရာဇာ၊ ပြဿဒါး ရွေးဖို့လည်း လိုအပ်တယ်။ ဒါမှ ရောင်းရေး၊ ဝယ်ရေး ကောင်းတော့မပေါ့ မောင်ရာ"

ဘကြီးတိုး စကားတွေကို သင့်၊ မသင့်၊ ရာ၊ မရာ ဘာတစ်ခုမှ ဝင်မဆွေးနွေးပေမဲ့ ကျွန်တော်ကတော့ ဒီအယူအဆတွေကို သိပ်လက်ခံချင်သူတော့ မဟုတ်ဘူး။ လက်မခံဘူးလား ဆိုတော့လည်း မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ၊ ကျွန်တော်က ကြားနေသမား သက်သက်ရယ်ပါ။

"အဲ…ပြီးတော့ နေ့သင့်၊ နံသင့်နဲ့ လိုက်ပြီး အကျိုးပေးကောင်းတဲ့ ပစ္စည်းလေးတွေလည်း ဆောင်သင့်တယ်။ ဒီပညာရပ်တွေက ရှင်းရမယ် ဆိုရင်တော့ အရှည်ကြီးပေါ့။ ပြီးတော့ မင်းတို့ လတ်တလော နားလည်ဖို့ မလွယ်ဘူးလေ။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဥပမာ တစ်ခုနဲ့ပဲ မင်းတို့ နားလည်အောင် ငါကိုယ်တိုင် ကြုံခဲ့ရတဲ့ ငှက်ခွားလေး ကောက်ရ အကြောင်းကို ပြောပြရဦးမယ်"

ဘကြီးတိုးရဲ့ စကားအသွားအလာက ကောက်ရ ဘူတာကိုတော့ ဆိုက်လာပါပြီ။ ဒီရေနွေးကြမ်းဝိုင်းမှာ ဝိုင်းဖွဲ့နေကြတဲ့ လူငါးယောက်အနက် လေးငါးယောက်သောသူတွေကတော့ ကောက်ရဇာတ်ကြောင်းကို နောကျေ


mgyoe.com

အောင် ကြားဖူး၊ သိဖူးပြီးသားတွေရယ်ပါ။ အဲ... ကျန်တစ်ယောက်ကတော့ ဒီနှစ်မှ ဘကြီးတိုးဆိုင်ရှေ့ မျက်နှာစာမှာ ဗျပ်ထိုးလာထွက်တဲ့ ကွမ်းဆိုင်က လူသစ်တစ်ယောက်ပဲ ဘကြီးတိုးရဲ့ ကောက်ရနဲ့ မသိကျွမ်း၊ မရင်းနှီးသေးတာ။

"အဲဒီ အချိန်ကာလက မြစ်ရေတွေ တက်ပြီး ရေကြီးနေတဲ့ အချိန် ပေါ့ကွယ်"

❑

သရက်သုံးပင်ရွာ ဆိုတာက ဝါဆို၊ ဝါခေါင် မြစ်ရေကြီးချိန် ဆိုရင် ရွာအရှေ့ဘက် အင်းရေက မြင့်တက်လာပြီး ရွာအနောက်ဘက် မြစ်ရေနဲ့ ရွာအရှေ့ဘက် အင်းရေက တစ်စပ်တည်း ဖြစ်လို့ ရွာကြီးက ရေပြင်တစ်ခုလုံးရဲ့ အလယ်ကို ရောက်သွားတတ်တာ။

အဲဒီနေ့က ဘကြီးတိုးနဲ့ သူ့သားအကြီးကောင် ကြီးစိန်တို့ မြစ်တစ် ဖက်ကမ်း အနောက်ဘက် ရိုးပေါ်ကို နွားနဲ့ နွားစာတွေ သွားပို့ပြီး ပြန်အလာ၊ မြစ်ရေထဲ ဗေဒါပုံပေါ် ခေါင်းတင်ပြီး မျောလာတဲ့ နွားပေါက်လေး တစ်ကောင်ကို သွားတွေ့တယ်။ သားအဖ နှစ်ယောက် နွားလေးကို ခဲရာခဲဆစ် ဆယ်လာခဲ့ ကြတယ်။

အိမ်ရောက်တော့ မြစ်ရေကြီးလို့ ဒုက္ခ၊ သုက္ခများနေတဲ့ ကြားကပဲ နွားလေးကို ရေခြောက်အောင် သုတ်သူက သုတ်၊ မီးမွှေးသူက မွှေး။ တဆတ် ဆတ် တုန်နေတဲ့ နွားလေးကို မီးဖိုနား ကပ်ထားလိုက်တယ် ဆိုရင်ပဲ နွားလေး က တည်တည်ငြိမ်ငြိမ်၊ လန်းလန်းဆန်းဆန်း ဖြစ်လာတယ်။

ဘကြီးတိုးသမီး အလတ်မက မြစ်ရေထဲက ကောက်ရတဲ့ နွားလေးမို့ 'ကောက်ရ'လို့ ခေါ်ရအောင် ဆိုပြီး ကင်ပွန်းတပ်ပေးတယ်။ မြစ်ရေကြီးချိန် အထက်ဘက် ရွာတစ်ရွာက မျောလာတဲ့ နွားပေါက်လေးတစ်ကောင် ကောက်ရ တယ်ဆိုတာ ဘာမှမဆန်းပါဘူး။ ဒါပေမဲ့ အဲဒီကောက်ရခဲ့တဲ့ နွားလေး ကောက်ရက သံရောင်၊ မွေးနု၊ မျက်ကြား၊ ဇွဲကောင်း အခြားသော နွားတွေနဲ့ မတူအောင် ထူးခြားလှပပြီး သခင်အလိုကို သိတဲ့ နွားလိမ္မာလေး တစ်ကောင် ဖြစ်လာတာက ဘကြီးတိုးအဖို့ ကြွားမဆုံးနိုင် ဖြစ်နေတာရယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ ကောက်ရ ရောက်လာတဲ့ နေ့ကစပြီး ယခင် ကသီလင်တ လုပ်ကိုင်စားသောက်နေရတဲ့ ဘကြီးတိုးတို့ရဲ့ မိသားစု စီးပွားရေးက ထူမတ်လာတယ်။

အများပြောင်းခင်းက ပြောင်းမဖူးခင် (သီးနှံမပေါ်မီ) ရေမြုပ်လို့ စီးပွားကျတဲ့အချိန် ဘကြီးတိုးတို့ ပြောင်းခင်းက သက်နှမျိုး ရွေးစိုက်မိလို့ ရေလွတ်တယ် ဆိုရုံလေး ခုတ်ပြီး၊ အခင်းသိမ်းပြီး ဖြစ်နေပြီ။ မြေပဲခင်း ဆိုလျှင်လည်း မြေပဲခင်းအလျောက် ဘကြီးတိုး အခင်းက စံချိန်သစ် တင်ရလောက်အောင်ကို ပိုထွက်လာတယ်။ ကံလေးများ လိုက်လာတော့ ဘကြီးတိုး ကြံဆ ဆုံးဖြတ်လိုက်သမျှ အမှားနည်းပြီး အကျိုးအမြတ် ဖြစ်ထွန်းရတာချည်းပဲ။

ဘယ်သူတွေ ဘာပဲပြောပြော ဒီလို ကံဇာတာမြင့်လာတာက နွားလေး 'ကောက်ရ' ကြောင့်လို့ ဘကြီးတိုးက တစ်ထစ်ချ ယုံကြည်လက်ခံတယ်။ ကြည့်လေ၊ လက်တွေ့အနေနဲ့ ကောက်ရကို ထမ်းပိုးတင် စခိုင်းပြီဆိုကတည်းက မခိုမကပ် မဆိုင်းမယုတ် သခင်အလိုကို သိလိုက်သပဆိုတာ။ ဒါဟာ ကောက်ရရဲ့ ဘကြီးတိုးတို့ မိသားစုအပေါ် ပေးဆပ်နေတဲ့ ကောင်းကျိုးတွေပဲ မဟုတ်လား။

ဒါကြောင့် ဘကြီးတိုးဆိုတာ လူကိုသာ အထိခံရင် ခံမယ်။ သူ့နွားကောက်ရကိုတော့ နည်းနည်းလေးမှ မထိလေနဲ့။ ဆတ်ဆတ်ထိကို မခံတာ။ အဲဒီလိုနဲ့ ဘကြီးတိုး ကောက်ရကို လက်လွှတ်ဆုံးရှုံးဖို့အကြောင်း ဖန်လာတာက ဘကြီးတိုးရဲ့သား အလတ်ကောင် သန်းညွန့်က ဘကြီးတိုးကို မိန်းမတောင်းခိုင်းလာတယ်။ သမီးရှင်ဘက်ကလည်း လယ်၊ ကိုင်းအပြင် နွားတစ်ရှဉ်းပါ တင်ဖို့ တောင်းဆိုလာတယ်။ ဒီအထိက ဘကြီးတိုးအတွက် ပြဿနာ မရှိသေးပါဘူး။ သားသမီးငါးယောက်အတွက် ထိမ်းမြားခြင်းလျှင် ဆိုတာကို ကနဦးကတည်းက ကြိုတင်စီစဉ်ပြီးသားကိုး။ ခက်တာက အဲဒီ နွားတစ်ရှဉ်းမှာ ကောက်ရ ပါရမယ် ဆိုတာပါပဲ။

လယ်သမား၊ ကိုင်းသမားဆိုတာ နွားကောင်း ကိုင်ချင်ကြသူတွေချည်းပဲ။ ဒါ သွေးရိုး၊ သားရိုး မဟုတ်ဘဲ အချစ်တော် ကောက်ရကို လိုချင်လို့ တစ်ဖက်က သမီးနဲ့ ရင်းလိုက်တာလို့ တွေးမိတယ်။ ဒါကြောင့် သားဖြစ်သူ သန်းညွန့်ကို နားလည်အောင် ရှင်းပြရတယ်။ ဒီမိန်းကလေးကို လက်လွှတ်လိုက်ဖို့ နားချကြည့်တယ်။ ဒါပေမဲ့ သန်းညွန့်က လုံးဝ လက်မခံပါဘူး။ မ,စိတ် မွန်တယ်လို့ပဲ


mgyoe.com